


Myanmar Centre for Responsible Business

၃

# ဥပဒေရေးရာနှင့် မူဝါဒရေးရာ မူဘောင်များ

အပိုင်း (၃)

# ဥပဒေရေးရာနှင့် မူဝါဒရေးရာ မူဘောင်များ

**ဤအပိုင်းတွင် -**

(က) အမျိုးသားအဆင့် မူဘောင်

- သတ္တုတွင်းနှင့်သက်ဆိုင်သော မြန်မာနိုင်ငံအစိုးရ၏ မူဝါဒနှင့်အဖွဲ့အစည်းဆိုင်ရာ မူဘောင်
- သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
- တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍ
- လွှတ်တော်၏အခန်းကဏ္ဍ

(ခ) မြန်မာနိုင်ငံ စည်းမျဉ်းဥပဒေများ

- မြန်မာ့သတ္တုတွင်းဥပဒေ (၂၀၁၅)၊ သတ္တုတွင်းနည်းဥပဒေ (၂၀၁၈) နှင့်ထုတ် လုပ်မှုအပေါ်ခွဲဝေစာချုပ်များ။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ ဥပဒေ
- တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၂၀၁၅)
- အမျိုးသားလူမျိုးစုများ၏အခွင့်အရေးများကို ကာကွယ်ခြင်း (၂၀၁၅)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ

(ဂ) နိုင်ငံတကာ မူဘောင်များ

- သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး(EITI)
- International Council on Mining and Metals (ICMM) ၏ရည်ရွယ်ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်
- ဆန္ဒအလျောက်လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာအခြေခံမူများ(VPSHR)
- တရုတ်နိုင်ငံ ကုန်သွယ်ရေးအဖွဲ့အစည်း၏ သတ္တု၊ ဓာတ်သတ္တုနှင့်ဓာတုပစ္စည်းများ သွင်းယူသူနှင့် တင်ပို့သူများအဖွဲ့အစည်း (CCCMC)၊ ပြည်ပသတ္တုတွင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လူမှုရေးတာဝန် ဝတ္တရားဆိုင်ရာ လမ်းညွှန်ချက်များ။
- ပဋိပက္ခနှင့်အန္တရာယ်ရှိသောနေရာများတွင် တာဝန်ယူမှုရှိသော ဓာတ်သတ္တုဆိုင်ရာ Supply Chain များအတွက် OECD ၏ Due Diligence လမ်းညွှန်ချက်များ။
- ပဋိပက္ခဓာတ်သတ္တုများအတွက် EU ၏ စည်းမျဉ်းများ။

အောက်ပါအပိုင်းများတွင် သတ္တုတွင်းကဏ္ဍရှိ လူ့အခွင့်အရေးအား အကာအကွယ်ပေးရေးနှင့်သက်ဆိုင်သော စည်းမျဉ်းဥပဒေများနှင့်အဖွဲ့အစည်းဆိုင်ရာမူဘောင်များကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ ဤပြဿနာများသည် ပဋိပက္ခများနှင့်ဆက်နွယ်နေပြီး သဘာဝသယံဇာတများကို မည်သူကထိန်းချုပ်မည်၊ ဖက်ဒရယ်မှုကို မည်သို့ဖော်ဆောင်မည်စသည့်မေးခွန်းများနှင့်သက်ဆိုင်နေသည်။ Natural Resources Governance Institute (NRGI)[92]၏ ၂၀၁၈ ခုနှစ်

92 သဘာဝသယံဇာတ ဖက်ဒရယ်မှု၊ မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားရန်များ (NRGI) ၂၀၁၈ ခုနှစ် ဇန်နဝါရီ။

ဇန်နဝါရီလထုတ် သဘာဝသယံဇာတ ဖက်ဒရယ်စနစ် အစီရင်ခံစာတွင် သယံဇာတ စီမံအုပ်ချုပ်မှုအခွင့်အာဏာနှင့် တာဝန်ဝတ္တရားများခွဲဝေမှုအတွက်မြန်မာနိုင်ငံ၏စည်းမျဉ်းမူဘောင်များ၊ညှိနှိုင်းဆွေးနွေးရန်ကိစ္စရပ်များစသည်တို့ကို ထည့်သွင်းဖော်ပြထားပါသည်။ ၎င်းတွင် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ သတ္တုတွင်း cadaster[93]၊ မြေယာစီမံခန့်ခွဲခြင်း၊ ငွေကြေးမူဘောင်နှင့် ဘဏ္ဍာငွေကောက်ခံခြင်း၊ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ဒေသဆိုင်ရာအကြောင်းအရာများ၊ လက်လုပ်လက်စားနှင့်အသေးစား သတ္တုတူးဖော်ခြင်းတို့ပါဝင်သည်။ ဤအစီရင်ခံစာတွင် အာရှပစိဖိတ်ဒေသများမှ တွင်းထွက်သယံဇာတများရှိသည့် ဒေသများတွင် အလားတူ ဖက်ဒရယ်စနစ်၊ ဗဟိုချုပ်ကိုင်မှုစနစ်နှင့်ရောနှော၍ ဗဟိုထိန်းချုပ်မှုနည်းသောစနစ်များကို သာဓကများအဖြစ် ဖော်ထုတ်ထည့်သွင်းထားပါသည်။

## (က) အမျိုးသားအဆင့် မူဘောင်

### မြန်မာနိုင်ငံအစိုးရ၏ သတ္တုတွင်းနှင့်သက်ဆိုင်သော မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၇) တွင် ပြည်ထောင်စုအစိုးရသည် နိုင်ငံ၏အမျိုးသားနယ်နမိတ်အတွင်းရှိ မြေနှင့်မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟုဖော်ပြထားသည်။ နိုင်ငံပိုင်သယံဇာတပစ္စည်းများအား ထုတ်ယူသုံးစွဲခြင်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းနိုင်သည်ဟုလည်း ဖော်ပြထားသည်။[94] မူရင်းပိုင်ဆိုင်မှုကို တိုင်း/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ခွဲဝေထားခြင်းမရှိပါ။ သို့သော် ၂၀၁၅ မှစ၍ အသေးစားနှင့်လက်လုပ်လက်စားလုပ်ငန်းများအတွက် အခွန်အခကောက်ခံနိုင်ခွင့် အာဏာနှင့် ဥပဒေပြုမှုအချို့ကိုတော့  ခွဲဝေပေးထားပြီး ၎င်းအခွင့်အာဏာကို ၄၅/၂၀၁၅-ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ထည့်သွင်းထားသည် (၂၀၁၅ ခုနှစ်ဇူလိုင်တွင် အတည်ပြုသည်)။[95] အထူးသဖြင့် ဇယား (၂) (ဥပဒေပြုစာရင်းတွင်ပါရှိသော လုပ်ပိုင်ခွင့်ခွဲဝေခြင်း)နှင့် ဇယား (၅) (အခွန်အခကောက်ခံခွင့် ခွဲဝေခြင်း)တို့ ဖြစ်ပါသည်။

သတ္တုတွင်းကဏ္ဍနှင့်စပ်လျဉ်း၍ ပြင်ဆင်ထားသော ဇယား (၂) ပုဒ်မ ၄ (ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ကြီးကြပ်ကွပ်ကဲခွင့်ခွဲဝေခြင်း) တွင် တိုင်း/ပြည်နယ်သည် ဥပဒေပြုခွင့်အာဏာဖြင့် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ (ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊ (ဇ) သတ္တုတွင်းလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊ (ဈ) ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊ (ဋ) တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးတို့ကို စီမံခန့်ခွဲခွင့်ရှိသည်။ ဥပဒေ ၄၅/၂၀၁၅ အရ ဇယား (၂) ပုဒ်မ ၄ တွင် အပိုဒ် (စ) တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သဘာဝသယံဇာတထုတ်လုပ်မှုအချိုးအစား (sic) ကို (မူရင်းမြန်မာဘာသာတွင် အဓိပ္ပာယ်ရှင်းလင်းမှု မရှိပါ) ထပ်ဖြည့်ထားသည်။  ဇယား (၅) တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ သတ္တုတွင်းမှရရှိမည့် အခွန်အခများကို ကောက်ယူခွင့်ပေးရန်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ စီမံခန့်ခွဲသော ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများကို ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေများနှင့်အညီ စည်းကြပ်ရန်တို့ကို ပြင်ဆင်ထားသည်။

93 မြန်မာဘာသာစကားတွင် Cadaster ဟူသည့်စကားရပ်မရှိပါ။ (ယေဘုယျအားဖြင့် ၎င်းကို ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ လုပ်ကွက်လျှောက်ခြင်း၊ မှတ်ပုံတင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ မြေပုံဆွဲခြင်း၊ သယံဇာတနယ်မြေများ ကန့်သတ်ပေးခြင်း စသည်တို့နှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်အားလုံးရည်ညွှန်းအဓိပါယ်ဖော်သည်။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ထိုအတွေ့အခေါ်ကို ထည့်သွင်းထားခြင်းမရှိပါ

94 ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ။

95 ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၄၅/၂၀၁၅ (မြန်မာဘာသာဖြင့်သာ) ။

လက်ရှိအချိန်အထိ ဤကဲ့သို့ လုပ်ပိုင်ခွင့်အာဏာများတိုးမြှင့်အပ်နှင်းထားမှုကို မည်မျှအသုံးချပြီးသည်ကိုမူ ရှင်းလင်းစွာမသိရှိရပါ။ အထက်ဖော်ပြပါအချက်များတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ လုပ်ပိုင်ခွင့်အာဏာကို အပ်နှင်းပေးရန် ပြည်ထောင်စုအဆင့်ဥပဒေများ လိုအပ်သည် မလိုအပ်သည်ကိုမူ ရှင်းလင်းမှုမရှိပါ။ ၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော သတ္တုတွင်းဥပဒေတွင် (အောက်တွင်ကြည့်ရန်) အသေးစားနှင့်လက်လုပ်လက်စား သတ္တုလိုင်စင်များ ထုတ်ပေးခွင့်အချို့ကို ထည့်သွင်းထားသည်။

မြန်မာနိုင်ငံတွင် သတ္တုသယံဇာတအတွက် သီးသန့်မူဝါဒ သို့မဟုတ် ဤကဏ္ဍ၏ဦးစားပေးဖွံ့ဖြိုးရေး လုပ်ငန်းများကို အသေးစိတ်လမ်းညွှန်ထားသည့် မူဘောင်များလည်း မရှိသေးပါ။ (အပိုင်း ၄၊ ကဏ္ဍအဆင့် သက်ရောက်မှုနှင့် အကြံပြုချက်များ)။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) အဖွဲ့ဝင်ဖြစ်ရန် အဆိုပြုခံထားရသော နိုင်ငံဖြစ်လာသည်။ (နိုင်ငံတကာ မူဘောင်များ - အောက်တွင်ကြည့်ပါ)။ MONREC သည် EITI ၏ လိုအပ်ချက်နှင့်အညီ သတ္တုတွင်းဆိုင်ရာ အချက်အလက်များကို အများပြည်သူလက်လှမ်းမီစွာရရှိနိုင်ရန် သတ္တုတွင်း cadaster နှင့် ဓာတ်သတ္တုလိုင်စင် မှတ်ပုံတင်ခြင်းစသည့် လုပ်ငန်းအစီအစဉ်များကို ထပ်မံအတည်ပြုခဲ့သည်။[96] ဝန်ကြီးဌာနအနေဖြင့် ဤကဏ္ဍတွင် Public-Private Partnerships (PPP) ကိုပိုမိုအားပေးမည့်အစီအစဉ်များကိုကြေညာခဲ့ပြီးသတ္တုတွင်းဦးစီးဌာနမှလည်း မြန်မာနိုင်ငံ၏ဘူမိဗေဒနှင့်ဓာတ်သတ္တုသယံဇာတများကို ရှာဖွေတိုင်းတာခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရန် အရှေ့အာရှနှင့်အရှေ့တောင်အာရှ ဘူမိသိပ္ပံအစီ အစဉ်များပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)တို့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။[97]

ယခင်အစိုးရအနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာဘေးကင်းလုံခြုံရေးတို့ ပိုမိုအားကောင်းလာစေရန် ကြိုးပမ်းခဲ့ပြီး ၂၀၁၂ ခုနှစ် တွင် ပထမဦးဆုံးအကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက်တွင် သဘာဝပတ်ဝန်းကျင်နှင့် သတ္တုတွင်းဝန်ကြီးဌာနများကို ပေါင်းစည်းကာ သတ္တုတွင်းကဏ္ဍ၏ပတ်ဝန်းကျင်စီမံခန့်ခွဲမှုများ ပိုမိုလုပ်ဆောင်နိုင်ရန် ညွှန်းကြားထားပါသည်။ ၁၉၉၄ ခုနှစ် မူဝါဒများကို အစားထိုးမည့် ပြန်လည်ပြင်ဆင်ထားသော အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ မှာ ၂၀၁၈ ခုနှစ်တွင် ထွက်လာမည်ဟု မျှော်လင့်ထားပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရသည် ၎င်းတို့၏စီးပွားရေးမူဝါဒများကို အပြည့်အစုံ ပြောဆိုထားခြင်းမရှိသေးပါ။ သို့သော် ဧပြီလ (၁) ရက်နေ့တွင် မြန်မာ့နိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ ထုတ်ပြန်သော MIC ၏ အမိန့်ကြော်ငြာစာ အမှတ် ၁၃/၂၀၁၇ တွင် အခွန်ဝင်ငွေအကျိုးအတွက် ဦးစားပေးကဏ္ဍများသတ်မှတ်ထားရာ သတ္တုတွင်းကဏ္ဍပါဝင်လာမှု မရှိခဲ့ပါ။[98] အစိုးရအသစ်အနေဖြင့် ဤကဏ္ဍကို အားပေးလုပ်ကိုင်စေရန် သတိဖြင့်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ၂၀၁၆ ခုနှစ်မှစ၍ သတ္တုလိုင်စင်သစ်များဆိုင်းငံ့ထားခဲ့သည်ကို မြင်တွေ့ခဲ့ရပြီး (ဇယား ၁ ကိုကြည့်ရန်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများမှ လိုင်စင်အသစ်များထုတ်ပေးရန် သို့မဟုတ် လိုင်စင်ဟောင်းများ သက်တမ်းတိုးပေးရန် စိတ်ဆန္ဒမရှိသည်ကိုကြည့်ခြင်းအားဖြင့် အလားတူသတိဖြင့် ဆောင်ရွက်နေသည်ကို သိရှိနိုင်သည်။

96 မြန်မာနိုင်ငံဝန်ကြီးဌာနများ၏ ရက် (၁၀၀) အစီအစဉ်များ။ Berwin Leighton Paisner။ မေ ၂၀၁၆

97 Ibid

98 မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာအမှတ် - ၁၃/၂၀၁၇ ၊ ဦးစားပေးထားသည့် ကဏ္ဍများအမျိုးအစား ခွဲခြားမှု၊ ၂၀၁၇ ခုနှစ် ဧပြီလ (၁) ရက်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC)

မြန်မာနိုင်ငံ၏ သတ္တုတွင်းကဏ္ဍကို MONREC ရှိ ဦးစီးဌာန (၂) ခုနှင့်သတ်မှတ်ထားသောသတ္တုအမျိုးအစား အလိုက် နိုင်ငံတော်ပိုင်လုပ်ငန်း (၄) ခုတို့က ကြီးကြပ်၍ စည်းမျဉ်းစည်းကမ်းများထိန်းချုပ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးထံ သတင်းပို့လုပ်ဆောင်ရသည်။ (ဇယားကွက် ၅ ကို ကြည့်ရန်)။

SWIA အနေဖြင့် ရွှေနှင့်ခဲမဖြူထုတ်လုပ်ရေးနှင့်ဈေးကွက်ရှာဖွေရေးကို ကြီးကြပ်သည့် အဓိကသက်ဆိုင်သော အမှတ်(၂) သတ္တုတွင်းလုပ်ငန်း (ME-2) ကို အဓိကထား လေ့လာထားသည်။ ME-2 သည် အများအားဖြင့် တိုင်း ဒေသကြီးနှင့်ပြည်နယ်အဆင့် ရုံးများထားရှိပြီး တိုင်းဒေသကြီး နှင့်ပြည်နယ်အတော်များများတွင် တွေ့ရသည်။ သယံဇာတ ပေါကြွယ်ဝသောတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မိမိတို့နှင့်သက်ဆိုင်သော ဓာတ်သတ္တုများအတွက် မြို့နယ်အဆင့်အထိ ရုံးများထားရှိထားပါသည်။ ထုံးကျောက်ထုတ်လုပ်ခြင်း၊ ၎င်းမှာ တတိယသတ္တုထုတ်ကုန် အမျိုး အစားအဖြစ် SWIA တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့်လေ့လာခဲ့ပြီး ထုံးကျောက်ကို ၂၀၁၅ ခုနှစ်အထိ စက်မှုကုန် ကြမ်းပစ္စည်းများနှင့်ဒြပ်ပေါင်းကို ကိုင်တွယ်သော အမှတ် (၃) သတ္တုတွင်းလုပ်ငန်းက စီမံခဲ့သည်။ ၂၀၁၅ ခုနှစ်မှစ၍ အမှတ် (၃) သတ္တုတွင်းမှ စီမံခန့်ခွဲခဲ့သော ဓာတ်သတ္တုထုတ်ကုန်များကို အခြားသတ္တုတွင်းလုပ်ငန်းအောက်တွင် ထည့်သွင်းခဲ့ပြီး ထုံးကျောက်သည် ယခုအခါတွင် အမှတ် (၁) သတ္တုတွင်းလုပ်ငန်း (ME-1) အောက်သို့ ရောက်ရှိခဲ့ ပါသည်။

၁၉၉၄ ခုနှစ် မြန်မာ့သတ္တုတွင်းဥပဒေအရ ခဲ၊ ခနောက်စိမ်း၊ သွပ်နှင့်အခြားသတ္တုရိုင်းများကို တူးဖော်ခြင်း၊ ထုတ် လုပ်ခြင်းနှင့် ဈေးကွက်ဖောက်ခြင်း လုပ်ငန်းစဉ်များကို အမှတ် (၁) သတ္တုတွင်းလုပ်ငန်း (ME-1) အောက်တွင် တာဝန်ပေးအပ်နှင်းခဲ့သည်။ ၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်းဥပဒေအရ မည့်သည့် သတ္တု ထုတ်ကုန်များသည် နိုင်ငံတော်ပိုင်လုပ်ငန်း တစ်ခုစီ၏အောက်တွင် ရှိသည်ကို ဖော်ပြထားခြင်းမရှိပါ။

- ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန (DGSE) သည် သတ္တုတွင်းဖွံ့ဖြိုးလာရေးအတွက် အဆင့်များဖြစ်သော ဓာတ်သတ္တုရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်းအဆင့်များအတွက် လိုင်စင်များထုတ် ပေးပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင် ရုံး (၃) ခု ထားရှိပါသည်။ လိုင်စင်ထုတ်ပေးမှုများကို နေပြည်တော်တွင် သာ ပြုလုပ်ပါ သည်။[99]
- သတ္တုတွင်းဦးစီးဌာန (DoM) သည် သတ္တုတူးဖော်ထုတ်လုပ်ရေး လိုင်စင်များထုတ်ပေးပါသည်။ ထိုဌာနအနေဖြင့် ဤကဏ္ဍ၏ရင်းနှီးမြှုပ်နှံမှုမြင့်မားလာရေးနှင့် သတ္တုတွင်းဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန် စည်းကမ်းများကို ကြီးကြပ်ခြင်း၊ သတ္တုတွင်းစစ်ဆေးခြင်း၊ သတ္တုတွင်းဥပဒေနှင့်နည်းဥပဒေများကို လိုက်နာစေခြင်းတို့ကိုလည်း လုပ်ဆောင်ရပါ သည်။[100] ၎င်းတွင် ဌာနခွဲ (၅) ခုရှိပါသည်။
    - စစ်ဆေးရေးဌာနခွဲ
    - ဓာတ်သတ္တုထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ
    - ဆား လုပ်ငန်းဌာနခွဲ
    - စီမံခန့်ခွဲရေးဌာန
    - ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ (လိုင်စင်များထုတ်ပေးပြီး ဓာတ်သတ္တုအခွန်များ ကောက်ပေးရသည်။)
- နိုင်ငံတော်ပိုင်လုပ်ငန်း(၄)ခုအနက်မှတစ်ခုစီသည်၎င်းတို့နှင့်သက်ဆိုင်သောသတ္တုထုတ်ကုန်များထုတ်လုပ်ရေး နှင့် ဈေးကွက်ဖော်ဆောင်ရေးတို့ကို တာဝန်ယူလုပ်ဆောင်ရသည်။ ၎င်းတို့သည် စည်းမျဉ်းဥပဒေ ကြီးကြပ်ရေးကို လည်း လုပ်ဆောင်ရပါသည်။ ဥပမာ - မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) သည် ဥပဒေလိုက်နာရေး၊ စာချုပ်ချုပ်ဆိုရေးနှင့် လိုင်စင်ချထားပေးရေးတို့ကို စီမံခန့်ခွဲရပါသည်။[101]

---

99 International Growth Centre, Natural Resources and Subnational Governments in Myanmar,2014

100 MEITI ၊ မြန်မာနိုင်ငံ၏ ပထမ EITI အစီရင်ခံစာ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ။

101 NRGI - ရွှေရည်စိမ် ဂိတ်စောင့်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်ပိုင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်သတ္တုတွင်းလုပ်ငန်းများ။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ။

SWIA အနေဖြင့် ရွှေနှင့်ခဲမဖြူထုတ်လုပ်ရေးနှင့် ဈေးကွက်ရှာဖွေရေးကို ကြီးကြပ်သည့် အဓိကသက်ဆိုင်သော အမှတ်(၂)သတ္တုတွင်းလုပ်ငန်းကို အဓိကထား လေ့လာထားသည်။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသည် အများအားဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ရုံးများထားရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် နေရာအတော်များများတွင် တွေ့ရသည်။ သယံဇာတပေါကြွယ်ဝသော တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သက်ဆိုင်သော ဓာတ်သတ္တုများအတွက် မြို့နယ်အဆင့်အထိ ရုံးများထားရှိထားပါသည်။[102] ထုံးကျောက်ထုတ်လုပ်ခြင်း၊ ၎င်းမှာ တတိယသတ္တုထုတ်ကုန်အမျိုးအစားအဖြစ် SWIA တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့်လေ့လာခဲ့ပြီး ထုံးကျောက်ကို ၂၀၁၅ ခုနှစ်အထိ စက်မှုကုန်ကြမ်းပစ္စည်းများနှင့်ဒြပ်ပေါင်းကို ကိုင်တွယ်သော အမှတ် (၃) သတ္တုတွင်းလုပ်ငန်းက စီမံခဲ့သည်။[103] ၂၀၁၅ ခုနှစ်မှစ၍ အမှတ် (၃) သတ္တုတွင်းလုပ်ငန်းမှ စီမံခန့်ခွဲခဲ့သော ဓာတ်သတ္တုထုတ်ကုန်များကို အခြားသတ္တုတွင်းလုပ်ငန်းအောက်တွင်ထည့်သွင်းခဲ့ပြီး ထုံးကျောက်သည် ယခုအခါတွင် အမှတ် (၁) သတ္တုတွင်းလုပ်ငန်း (ME-1) အောက်သို့ရောက်ရှိခဲ့ပါသည်။[104] ၁၉၉၄ ခုနှစ် မြန်မာ့သတ္တုတွင်းဥပဒေအရ ခဲ၊ ခနောက်စိမ်း၊ သွပ်နှင့်အခြားသတ္တုရိုင်းများကို တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ဖောက်ခြင်း လုပ်ငန်းစဉ်များကို အမှတ် (၁) သတ္တုတွင်းလုပ်ငန်း (ME-1) အောက်တွင် တာဝန်ပေးအပ်နှင်းခဲ့သည်။[105] ၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်းဥပဒေအရ မည့်သည့်သတ္တုထုတ်ကုန်များသည် နိုင်ငံတော်ပိုင်လုပ်ငန်း တစ်ခုစီ၏အောက်တွင် ရှိသည်ကို ဖော်ပြထားခြင်းမရှိပါ။[106]

**လေးထောင့်ဇယားကွက် ၅။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ (SOEs) နှင့် ၎င်းတို့၏တာဝန်များ အကျဉ်းချုပ်**

| သတ္တုတွင်းလုပ်ငန်းများ (SOE) | အပ်နှင်းထားသည့် တာဝန်များ |
|---|---|
| အမှတ် (၁) သတ္တုတွင်း လုပ်ငန်း ( ME-1) | ခနောက်စိမ်း၊ ခဲ၊ သွပ်၊ ငွေ၊ သံ၊ နီကယ်နှင့်ကြေးနီ သတ္တုရိုင်းများတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း နှင့်ဈေးကွက်ဖော်ဆောင်ခြင်းများအတွက်တာဝန်ရှိသည်။<br>၂၀၁၅ ခုနှစ် အစောပိုင်းမှစ၍ အမှတ် (၃)နှင့် အမှတ် (၁)ပေါင်းစည်းလိုက်သောကြောင့် ယခုအခါ အမှတ်(၁)သည် ထုံးကျောက် ထုတ်ကုန်အတွက်လည်း တာဝန်ရှိသည်။ |
| အမှတ် (၂) သတ္တုတွင်း လုပ်ငန်း (ME-2) | ရွှေ၊ ပလက်တီနမ်၊ ခဲမဖြူ၊ အဖြိုက်နက်၊ မိုလစ်ဒီနမ်၊ နိုင်အိုဘီယမ် (Niobium)၊ ကိုလံဘီယံ (columbium) ၊ အလေးစီးတွင်းထွက် (Heavy Mineral) များနှင့် ရွှေသတ္တု ရိုင်းများ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ဖော်ဆောင်ရန်အတွက် တာဝန်ရှိသည်။ |
| မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး (MGE) | အဖိုးတန်ကျောက်မျက်ရတနာများနှင့် ကျောက်စိမ်းတူးဖော်ရေး၊ ဈေးကွက်ဖော်ဆောင်ရေးများအတွက် တာဝန်ရှိပြီး လိုင်စင်ထုတ်ပေးရန်အတွက်လည်း တာဝန်ရှိသည်။ |
| မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (MPE) | ကမာကောင်များ သားဖောက်မွေးမြူးရေးနှင့် ပုလဲထုတ်လုပ်ရေး။ |

102 MCRB ကွင်းဆင်းလေ့လာချက်များ၊ ၂၀၁၆။

103 Adam Smith International၊ မြန်မာနိုင်ငံရှိ တွင်းထွက်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၏ အဖွဲ့အစည်းဆိုင်ရာနှင့်စည်းမျဉ်း ဥပဒေစိုးမိုးရေးဆန်းစစ်ခြင်း။ ၂၀၁၅ ခုနှစ် မေလ၊ စာမျက်နှာ - ၁၉။

104 MCRB တွေ့ဆုံမေးမြန်းချက်များ၊ ၂၀၁၆။ ရန်ကုန် SWIA အများပြည်သူနှင့်တွေ့ဆုံပွဲ။

105 Adam Smith International၊ မြန်မာနိုင်ငံရှိ တွင်းထွက်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၏ အဖွဲ့အစည်း ဆိုင်ရာနှင့်စည်းမျဉ်း ဥပဒေစိုးမိုးရေး ဆန်းစစ်ခြင်း။ ၂၀၁၅ ခုနှစ် မေလ၊ စာမျက်နှာ - ၁၉။

106 Valentis Resources ၊ ၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်း ဥပဒေ ဘာသာပြန်နိုင်းယှဉ်ချက်၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်။

၁၉၈၉ ခုနှစ် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေအရ ပြည်ထောင်စုအစိုးရသည် သက်ဆိုင်ရာကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် တစ်ဦးတည်းလုပ်ပိုင်ခွင့်ရှိသည်။ ၎င်းတွင် စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ခြင်းနှင့် ကျောက်မျက်ရတနာများ၊ ကျောက်စိမ်း၊ ပုလဲ၊ သတ္တုများနှင့် ဓာတ်သတ္တုများတင်ပို့ရောင်းချခြင်းတို့ ပါဝင်သည်။[107] ပုဂ္ဂလိကလုပ်ကိုင်လိုသူများနှင့် ရင်းနှီးမြှုပ်နှံသူများမှလည်း အစိုးရနှင့်စာချုပ် ချုပ်ဆိုပြီးသော်လည်းကောင်း သက်ဆိုင်ရာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများနှင့်ဖက်စပ်လုပ်ကိုင်ရန် သဘောတူစာချုပ်ဖြင့်သော်လည်းကောင်း သတ္တုတွင်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်။ ဤကဲ့သို့သော ဖက်စပ်လုပ်ငန်းများကို ထုတ်လုပ်မှုအပေါ်ခွဲဝေသည့် စနစ်ကိုအခြေခံပြီး လုပ်ကိုင်ကြသည်။ ပုဂ္ဂလိကလုပ်ကိုင်လိုသူများသည် ကျသင့်သည့် မတည်ရင်းနှီးငွေကို တာဝန်ယူရပြီးထုတ်လုပ်မှုကို သက်ဆိုင်ရာနိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများသို့ ထုတ်လုပ်မှုအပေါ်ခွဲဝေစာချုပ် (PSC) ပါစည်းမျဉ်းစည်းကမ်းများအတိုင်း ပေးသွင်းရသည်။[108] ထုတ်လုပ်မှုအပေါ်ခွဲဝေခြင်းနှင့် အခွန်အခများ၊ ဓာတ်သတ္တုအခွန်များ ပေးဆောင်ရာတွင် အကြောင်းအရင်းများပေါ်မူတည်၍ ကွဲပြားနိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူမှဖြစ်စေ မြန်မာနိုင်ငံသားမှဖြစ်စေ ဓာတ်သတ္တုကိုလုပ်ကိုင်လျှင် ပုံမှန်ခွဲဝေသည့်အချိုးမှာ ၇၀/၃၀၊ ပုဂ္ဂလိကကုမ္ပဏီမှ (၇၀)နှင့် သတ္တုတွင်းလုပ်ငန်း (SOE) မှ (၃၀) အသီးသီးခွဲ ဝေကြသည်။[109] အစိုးရအရာရှိများ၏ ပြောကြားချက်အရ ယခုအခါ သတ္တုတွင်းအားလုံးကို ပုဂ္ဂလိက သို့မဟုတ် အစိုးရနှင့်ပုဂ္ဂလိကဖက်စပ်ပူးပေါင်းလည်ပတ်ကြပြီး နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း (SOE) အနေဖြင့် သီးသန့်လည်ပတ်ခြင်းမရှိပါ။[110]

မြန်မာနိုင်ငံဓာတ်သတ္တုနှင့်ကျောက်မျက်ရတနာ Cadaster စနစ်ဆိုင်ရာဒီဇိုင်းအတွက် အကြိုဆန်းစစ်ခြင်းအစီရင်ခံစာတွင်[111] သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လက်ရှိအဖွဲ့အစည်းဆိုင်ရာ စုဖွဲ့မှုမှာ အားနည်းချက်များရှိနေပြီး ဘေးကင်း၍ ရေရှည်အကျိုးရှိစေမည့် သတ္တုတွင်းဆိုင်ရာ လုပ်ငန်းများအတွက် ကြီးကြပ်မှုအားနည်းခြင်းနှင့် ပွင့်လင်းမြင်သာမှုအားနည်းခြင်း စသည်တို့ကြောင့် ဝန်ကြီးဌာနကို ဂယက်ရိုက်ခတ်မှုရှိစေပါသည်။ ဓာတ်သတ္တုဆိုင်ရာ လိုင်စင်များချထားပေးရာတွင် ဝန်ကြီးဌာနသည် နိုင်ငံတကာစံချိန်စံညွှန်းများဖြစ်သည့် လုပ်ငန်းစဉ်များကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဓာတ်သတ္တုလုပ်ပိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်မှုမရှိသေးပါ။ ရလဒ်အနေဖြင့် ဓာတ်သတ္တုလုပ်ကိုင်ခွင့်ထုတ်ပေးရန် မိမိကိုယ်ကျိုးနှင့် ဝိရောဓိဖြစ်နိုင်ဖွယ်ရှိပြီး ရည်ရွယ်ချက်၊ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုနှင့်ဘက်လိုက်မှုမရှိပဲ ဆုံးဖြတ်ချက်ချခြင်းတို့ကို ထိခိုက်စေပါသည်။ ယခုသုံးသပ်ချက်သည် သတ္တုကဏ္ဍတစ်ခုလုံးနှင့်သက်ဆိုင်သော်လည်း ကျောက်မျက်ရတနာကဏ္ဍကို အထူးသဖြင့် ရည်ညွှန်းထားပါသည်။ MGE ၏ စီးပွားရေးဝိရောဓိနှင့်တာဝန်များသည် လိုင်စင်ထုတ်ပေးခြင်းနှင့်စည်းမျဉ်းကြီးကြပ်ရေးတာဝန်များနှင့် ရောယှက်နေပါသည်။

ဤပြဿနာများကို ဖြေရှင်းရန် Cadaster အထူးကျွမ်းကျင်သူ၏ အကြိုဆန်းစစ်မှုအကြံပေးချက်များမှာ လက်ရှိ MONREC ဖွဲ့စည်းမှုကို ပြင်ဆင်ဖွဲ့စည်းပြီး လျှောက်လွှာများလက်ခံခြင်း၊ မှတ်ပုံတင်ခြင်း၊ တရားဝင်မှုရှိမရှိ အတည်ပြုခြင်း၊ ထပ်နေသောလုပ်ကွက်များကို စစ်ဆေးခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးရန် ဆန်းစစ်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးသောအာဏာပိုင်အဖွဲ့သို့အပ်နှံခြင်းနှင့် ဓာတ်သတ္တုခွင့်ပြုမိန့်များထိန်းသိမ်းခြင်း (သက်တမ်းတိုးခြင်း၊ လွှဲပြောင်းခြင်း၊ တိုးချဲ့ခြင်း၊ သက်တမ်းကုန်ခြင်း) စသည့်တာဝန်များကိုသာ လုပ်ကိုင်မည့် Mineral Rights Cadaster အမည်ဖြင့် ဌာနအသစ်တစ်ခုဖန်တီးရန်ဖြစ်သည်။ ထို့ကြောင့် လက်ရှိ လိုင်စင်ထုတ်ပေးနေသော အဖွဲ့အစည်းများဖြစ်သည့် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့၏ ပါဝင်မှုကို ဖယ်ရှားပြီး အဖွဲ့ အသစ်ဖြစ်သည့် Mineral Rights Cadaster ဌာနသို့ လွှဲပြောင်းပေးရမည်။ ဓာတ်သတ္တုခွင့်ပြုမိန့်တစ်ခုစီ အတွက် လိုင်စင်ထုတ်ပေးရန် စမ်းသပ်တိုင်းတာခြင်းနှင့် တူး

107 ၁၉၈၉ နိုင်ငံတော်ပိုင် လုပ်ငန်းများ ဥပဒေ ၊ အခန်း (၂) အပိုဒ် ၁ (၄)နှင့် (၈)။

108 MEITI ၊ မြန်မာနိုင်ငံ၏ ပထမ EITI အစီရင်ခံစာ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ။

109 MCRB ကွင်းဆင်းလေ့လာချက်များ၊ ၂၀၁၆ ခုနှစ်၊ MCRB ကိုးကားလေ့လာချက်များမှ သတ္တုကဏ္ဍတွင် ထုတ်လုပ်မှုအပေါ်ခွဲဝေသည့်စာချုပ်များ၊၂၀၁၆ ခုနှစ် ဩဂုတ်လ။

110 MCRB တွေ့ဆုံမေးမြန်းချက်များ၊ ၂၀၁၆ ခုနှစ်။

111 စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန သို့အပ်နှင်းခဲ့သော၂၀၁၇ ခုနှစ် နိုင်ဝင်ဘာလ ၊ Enrique Ortega စာချုပ်အမှတ် - MEITI –CS 003/2017၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြင်ဆင်ခဲ့သည့် အစီရင်ခံစာ။ MCRB file တွင် မိတ္တူသိမ်းထားသည်။

ဖော်ခြင်းခွင့်ပြုမိန့်များအပါအဝင် လျှောက်ထားမှုပုံစံအမျိုးမျိုးအား တစ်စုတစ်စည်းတည်းဖြစ်သည့် Mineral Rights Cadaster ဌာန အောက်တွင်ရှိမည်ဖြစ်သည်။

## တိုင်းနှင့်ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍ

### အသေးစားနှင့် လက်လုပ်လက်စားတူးဖော်မှုများအတွက် လုပ်ကိုင်ခွင့်ပြုမှု

၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော သတ္တုတွင်းဥပဒေ (ပုဒ်မ ၁၀) အရ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်မှုများအတွက် ခွင့်ပြုမိန့်များထုတ်ပေးခြင်းကို တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရများသို့ အာဏာအပ်နှင်းလွှဲအပ်ထားပါသည်။ ထိုကဲ့သို့လုပ်ဆောင်ရန် ၂၀၁၅ ခုနှစ်ပြန်လည်ပြင်ဆင်ထားသောဥပဒေတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် လုပ်ကွက်စိစစ်ရေးနှင့်ခွင့်ပြုမိန့်ထုတ်ပေးရေးအဖွဲ့ကို မိတ်ဆက်ထည့်သွင်းထားပါသည်။ ၎င်းအဖွဲ့များသည် ခွင့်ပြုမိန့်လျှောက်ထားမှုများကိုစိစစ်ပြီး ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနမှ သဘောထားမှတ်ချက်ရပြီးလျှင် ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းများ၊ အသေးစား သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်မှု၊ ဆင့်တက်သန့်စင်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း ခွင့်ပြုမိန့်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ထုတ်ပေးနိုင်သည်။ သို့သော် ဤကဲ့သို့အဖွဲ့အား ဖွဲ့စည်းပြီးစီးခြင်း ရှိမရှိကိုတော့ ရှင်းလင်းမှုမရှိပါ။ ဘူမိဗေဒလေ့လာရေးနှင်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန (DGSE)/ သတ္တုတွင်းဦးစီဌာနတို့အနေဖြင့် နယ်ရုံးခွဲများကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် (ရှေ့/မြောက်)တို့အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားရှိပါသည်။ ထိုရုံးများသည် တိုင်း/ပြည်နယ် လုပ်ကွက်စီစစ်ချထားပေးရေးအဖွဲ့ ဖွဲ့စည်းမှုအတွက် ကူညီပေးမည်ဖြစ်သည်။[112]

လက်ရှိလုပ်ထုံးလုပ်နည်းတွင် အသေးစားကုမ္ပဏီများအနေဖြင့် သတ္တုတူးဖော်ရေးလိုင်စင်ကို MONREC ၏ သတ္တုတွင်းဦးစီးဌာနမှ တိုက်ရိုက်သော်လည်းကောင်း မိမိတို့လျှောက်လိုသော လုပ်ကွက်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများသို့လည်းကောင်း ရွေးချယ်လျှောက်ထားနိုင်သည်။ ဒုတိယနည်းလမ်းဖြင့် လုပ်ဆောင်လျှင် ခွင့်ပြုမိန့်မထုတ်ပေးမီ သတ္တုတွင်းဦးစီးဌာနသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အစိုးရများ၏ သဘောထားမှတ်ချက်၊ သက်ဆိုင်ရာမြို့နယ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊သစ်တောဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်စီမံကိန်းကြောင့် ထိခိုက်နိုင်သည့် ကျေးရွာနေသူများမှ သဘောထားမှတ်ချက်များရယူရန် လိုအပ်ပါသည်။[113] MCRB မှ ကွင်းဆင်းလေ့လာရေးဆောင်ရွက်စဉ် အချို့သောတိုင်းဒေသကြီး နှင့်ပြည်နယ်များတွင် မြို့နယ်အဆင့်မှ စီမံကိန်းအဆိုပြုသူအား ဒေသခံပြည်သူများသဘောတူညီသည့် စာရွက်စာတမ်းများ ရယူခိုင်းသည်ကို တွေ့ရှိရသည်။ အများသောအားဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာနေသူ(၁၀)ဦး၏လက်မှတ်ကိုရယူခြင်းဖြင့်ဆောင်ရွက်ကြသည်။ အချို့ကွင်းဆင်းလေ့လာမှုများတွင် လက်မှတ်ရရှိရန် အသုံးပြုသော ကုန်ကျစရိတ်များကို ကုမ္ပဏီ၏ CSR ငွေစာရင်းတွင် ထည့်သွင်းထားသည်ကို တွေ့ရသည်။

အသေးစားနှင့်လက်လုပ်လက်စားတူးဖော်ရေး ခွင့်ပြုမိန့်ထုတ်ပေးရန် လုပ်ပိုင်ခွင့်နှင့်ပတ်သက်ပြီး နောက်ဆက်တွဲအနေဖြင့် တိုင်း/ပြည်နယ် သတ္တုတွင်းလုပ်ကွက်စိစစ်ခြင်းနှင့်ခွင့်ပြုမိန့်ချထားပေးရေအဖွဲ့မှာ လုပ်ကွက်ခွင့်မပြုမီ ပြည်ထောင်စုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်ဖြစ်သော်လည်း ပြည့်စုံသည့်အတွက် တိုင်း/ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်မှထုတ်ပေးထားသော update ဖြစ်သည့် လုပ်ကွက်ခွင့်ပြုမိန့်စာရင်းများ မရှိပါ။ (ဥပမာ - ပြည့်စုံသော Cadaster)။ ဤအကြောင်းအရာသည် နောင်တွင် အကြီးစားနှင့် အသေးစား/လက်လုပ်လက်စား လျှောက်ထားသူများအကြား လုပ်ကွက်ထပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ပဋိပက္ခဖြစ်လာနိုင်သည်။

112 MCRB သို့ သတ္တုတွင်းဦးစီးဌာနမှ ဆက်သွယ်လာခြင်း၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ။

113 Ibid

## အကြီးစားနှင့်အလတ်စားသတ္တုလုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍ

လက်ရှိအခြေအနေတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များသည် အကြီးစား/အလတ်စားသတ္တု စီမံကိန်းများအတွက် နေပြည်တော်၏ ရည်ညွှန်းချက်မရှိပဲ ခွင့်ပြုပေးရန် တရားဝင် အခွင့်အာဏာမရှိပါ။ သို့သော် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဖက်အဖွဲ့အစည်းများအပြင် သက်ဆိုင်သည့် ဒေသခံပတ်သက်ဆက်နွယ်သူများအားလုံးသည် အရေးကြီးပြီး၊ မြန်မာနိုင်ငံရှိ သတ္တုကုမ္ပဏီများအတွက် ပတ်သက်ဆက်နွယ်နေသူများပါဝင်ရန် အချို့သောကိစ္စမျိုးတွင် အသစ်ဖွဲ့စည်းခဲ့ကြသည်။

လက်ရှိလုပ်ဆောင်နေမှုမှာ အစောဆုံးအဆင့်များဖြစ်သည့် ဓာတ်သတ္တုရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာရေးအဆင့်များတွင်ပင်လျှင် သတ္တုကုမ္ပဏီများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရများမှ သဘောထားမှတ်ချက်စာကို တောင်းခံရယူကြရသည်။ ဤကဲ့သို့လုပ်ဆောင်သည့်အဆင့်များကို သတ္တုတွင်းဥပဒေ၌သော်လည်းကောင်း သတ္တုတွင်းနည်းဥပဒေ မူကြမ်း၌သော်လည်းကောင်း ထည့်သွင်းဖော်ပြထားခြင်းမရှိဘဲ မည်သည့်နေရာမှ ညွှန်ကြားထားသည်ကိုမှ ရှင်းလင်းစွာမသိရှိရပါ။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း ခွင့်ပြုစာကိုမထုတ်ပေးခြင်းဖြင့် ခွင့်ပြုမိန့်ကိုပိတ်ပင်ရန် တရားဝင်အာဏာရှိသလား၊ မရှိဘူးဆိုသည်မှာလည်း ရှင်းလင်းမှုမရှိပါ။[114] သဘောမှတ်ချက်ရယူရမည့် လုပ်ငန်းစဉ်များကိုလည်း ရှင်းလင်းစွာ မသိရှိရပါ။ ဒေသတွင်း လုပ်ဆောင်နေမှုများသည် ပြည်နယ်အတူတူချင်းမှာတောင် မြို့နယ်အဆင့် လုပ်ဆောင်မှုများကွာခြားမှုကြသည်။ ထို့ကြောင့် စည်းမျဉ်းဥပဒေကြီးကြပ်မှု မရှင်းလင်းခြင်းသည် အကတိလိုက်စားမှုများ ဖြစ်ပေါ်နိုင်သည့်အပြင် ကုမ္ပဏီများအတွက် အမိကစိုးရိမ်ရမည့်အချက်များ ဖြစ်လာသည်။

ပုံ (၁) တွင် နိုင်ငံခြားကုမ္ပဏီတစ်ခုမှ တစ်ပေါင်းတည်းလိုင်စင် လျှောက်ထားရာတွင် ကြုံတွေ့ရသည့်အဆင့်များကို ဖော်ပြထားသည်။ (ရှာဖွေခြင်းမှ ဖြစ်မြောက်နိုင်စွမ်းအထိ)။ ကုမ္ပဏီအနေဖြင့် ယခုအဆင့်တွင် စမ်းသပ်တိုင်းတာရေးလုပ်နိုင်သည့်နေရာများအတွက် ရှာဖွေရေးလုပ်ဆောင်ရန်ဖြစ်ပြီး ရှာဖွေရေးလုပ်ငန်းများကို ဧရိယာကျယ်သည့်နေရာတွင် လုပ်ကိုင်နိုင်ရန်အတွက် ခွင့်ပြုမိန့်လိုအပ်ခြင်းဖြစ်သည်။ ယခုအဆင့်အတွက် ကုမ္ပဏီမှလိုက်နာရမည့် ရှုပ်ထွေးသော ခွင့်ပြုမိန့်ရရှိရေးအဆင့်များမှာ မြေရှင်များထံမှခွင့်ပြုချက်ရရှိရန်နှင့် ဖြစ်မြောက်နိုင်စွမ်း/ထုတ်လုပ်မှုအဆင့်အတွက် မြေအမျိုးမျိုးအသုံးချရေးနှင့်သက်ဆိုင်သည့်ဌာနများမှ လိုအပ်သည့်အချက်များ စသည်တို့ဖြစ်ကြပါသည်။ (အပိုင်း ၅.၃ - မြေယာကို ကြည့်ပါ)။

ခွင့်ပြုမိန့်လျှောက်ထားရာတွင် အဆင့်တခုစီအတွက်(တိုင်း/ပြည်နယ်၊မြို့နယ်နှင့်ကျေးရွာ) လိုအပ်သည့်လုပ်ငန်းစဉ်နှင့် စာရွက်စာတမ်းများသည် တာဝန်ခံအရာရှိများ အလေးထားသည့်ကိစ္စပေါ်မူတည်၍ သင့်သလိုဆောင်ရွက်သည်ကိုတွေ့ရသည်။ လျှောက်ထားမှုအားလုံးသည် ယခုသတ္တုတွင်းလုပ်ငန်းစဉ်အဆင့်အတွက် လိုအပ်သည်ထက်ပိုပေးဆောင်နေရသည်ကိုတွေ့ရသည်။ လျှောက်ထားမှုတစ်ခုတွင် 'ထုတ်လုပ်မှုအပေါ်အခွန်' ကို မည်သည့်စည်းမျဉ်းဥပဒေတွင်မှ ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း စာဖြင့် မြို့နယ်အခွန်ရုံးကိုပေးဆောင်စေပါသည်။

အချို့သောနေရာများတွင် မြို့နယ်အလိုက်၊ ကျေးရွာအလိုက် သစ်ပင်များ၏လုံးပတ်နှင့် ဘုန်းကြီးကျောင်း အရေအတွက်များကို ကောက်ယူခိုင်းစေပါသည်။[115] ထိုကဲ့သို့ တောင်းဆိုမှုများအတွက်မှ ကုမ္ပဏီအနေဖြင့် မိမိတို့ကုမ္ပဏီလူအတွက်ကော၊ အစိုးရအတွက်ကော ကုန်ကျစရိတ်ရများခံရသည့်အပြင် လိုက်လံဆောင်ရွက်ပေးဖို့တောင်းဆိုမှုအတွက် 'လက်ဖက်ရည်ဖိုး' များလည်း ပေးရပါသည်။

သတ္တုတူးဖော်ခြင်း၏ ရှာဖွေရေးနှင့်စမ်းသပ်တိုင်းတာရေးအဆင့်များတွင် ကြီးမားသည့် ဧရိယာကိုလျှော့ချပြီး ၄င်းထက်သေးငယ်သည့် ပစ်မှတ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော နေရာများဆက်လက်ရွေးချယ်ခြင်း လုပ်ငန်း

114 သဘာဝသယံဇာတ ဖယ်ဒရယ်စနစ်၊ မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များကို ကြည့်ရန်။ NRGI ၂၀၁၈ ခုနှစ် ဇန်နဝါရီလထုတ် လူမျိုးစုများအတွက်ခွင့်ပြုမိန့်၊ သဘောတူညီမှုနှင့် တစ်ချက်လွှတ်အမိန့်များကို စီမံအုပ်ချုပ်ရေးစနစ် တစ်ခု အောက်တွင် မည်သို့စီစဉ်မည်ကို သုံးသပ်ချက်။

115 MCRB SWIA အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ၂၀၁၆။


များပါဝင်သည်။ ထို့ကြောင့် ယခုအဆင့်တစ်ခုစီအတွက် အခြေခံအချက်အလက်များကောက်ယူခြင်း၊ ဒေသခံများနှင့် တွေ့ဆုံခြင်းများကို လုပ်ငန်းစဉ်နှင့်အချိုးကျဖြစ်ရန်မှာ အရေးကြီးပါသည်။ ရှာဖွေရေးလုပ်ဆောင်သည့်နေရာတွင် သတ္တုတွင်းတစ်ခုဖြစ်လာနိုင်ချေ ၀.၀၀၁ သို့မဟုတ် ၎င်းထက်နည်းသော အလားအလာများသာရှိသည်။ ထို့ကြောင့် ယခုအဆင့်တွင် ကျယ်ဝန်းသောဧရိယာကြီးအတွက် သတင်းအချက်အလက်များ ကောက်ယူခြင်းသည် လုပ်ဆောင်မည့်လုပ်ငန်းနှင့် အချိုးမကျပါ။ လေ့လာသည့်နေရာသည် ကျဉ်းသွားပြီး သယံဇာတသိုက်တည်နေရာကို ပိုမိုသိရှိချိန်၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာချိန်တွင် ယခုကဲ့သို့ သတင်းအချက်အလက်များ ကောက်ယူခြင်းလုပ်ဆောင်လျှင် ပိုမိုသင့်လျော်ပါသည်။

ရွေးကောက်ပွဲပြီးနောက် ဝန်ကြီးချုပ်အချို့ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးများမှ ဝန်ကြီးများသည် ဤကဏ္ဍကို ပိုမိုစိတ်ဝင်စားလာကြပြီး အရပ်ဖက်အဖွဲ့များသည် အတိတ်မှဆိုးရွားသောထိခိုက်မှုများကြောင့် သတ္တုတူးဖော်ရေးကို ကန့်ကွက်နေကြသည်။ ၂၀၁၆ ခုနှစ်၊ ဇွန်လိုင်လတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပတ်ဝန်းကျင်စည်းမျဉ်းဥပဒေနှင့်ကိုက်ညီမှုမရှိပဲ ပတ်ဝန်းကျင်ထိခိုက်မှုများရှိသော ခဲမဖြူသတ္တုတွင်း (၂) ခုကို ရပ်ဆိုင်းခဲ့သည်။[116] တိုင်းဒေသကြီးအစိုးရအနေဖြင့် လက်ရှိလည်ပတ်နေသော သတ္တုတွင်းများ၏ ပတ်ဝန်းကျင် ပြဿနာများဖြေရှင်းနိုင်ခြင်းမရှိလျှင် လုပ်ငန်းလိုင်စင်များကို သက်တမ်းတိုးခြင်း သို့မဟုတ် လိုင်စင်အသစ် ထုတ်ပေးခြင်းများ ပံ့ပိုးလုပ်ဆောင်ပေးသွားမည်မဟုတ်ဟု ဆုံးဖြတ်ချက်ချထားသည်။[117] တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဦးဆောင်သည့် သတ္တုတွင်းစိစစ်ရေးအဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် အမျိုးသားဓာတ်သတ္တုသယံဇာတဆိုင်ရာ မူဝါဒမရှိသေးပါ။ ၎င်းမူဝါဒကို ကျင့်သုံးမည်ဆိုလျှင် တိုင်း/ပြည်နယ်ရှိဒေသခံများမှ သတ္တုတွင်း ရင်းနှီးမြှုပ်နှံမှုများကိုလက်ခံခြင်းနှင့် မက်လုံး သို့မဟုတ် တိုင်း/ပြည်နယ်အနေဖြင့် ၈၀-၉၀ ဧရိယာများ ကန့်သတ်ခြင်းများ အပါအဝင် တွင်းထွက်သယံဇာတ မဟာဗျူဟာအား ရည်မှန်းချက်များချမှတ်ပြီး လုပ်ဆောင်နိုင်မည်ဖြစ်သည်။

116 မြန်မာတိုင်း(မ်) အငြင်းပွားစရာဖြစ်သော မြန်မာနိုင်ငံတောင်ပိုင်းရှိ ခဲမဖြူသတ္တုတွင်း (၂) ခုရပ်ဆိုင်းခြင်း။ ၂၀၁၆၊ ဇွန်လိုင်လ ၂၁။

117 မြန်မာတိုင်း(မ်) ၊ တနင်္သာရီတိုင်းတွင် သတ္တုတွင်း ကြီးကြပ်မှုကို ပိုမိုကြပ်မတ်။ ၂၀၁၆၊ ဩဂုတ်လ ၁၇။




ပုံ - ၁။ ကုမ္ပဏီများ၏ တစ်ပေါင်းတည်းလိုင်စင်လျှောက်ထားခြင်း အတွေ့အကြုံများ

## ဒေသတွင်းအုပ်ချုပ်ရေးမှ လုပ်ဆောင်မှုများကို ကြီးကြပ်ခြင်း

သတ္တုတွင်းဦးစီးဌာနရုံးခွဲများအပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် စီမံအုပ်ချုပ်နေသော MONREC လက်အောက်ရှိ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးခွဲများလည်း ရှိပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးခွဲဖွင့်လှစ်ရခြင်းအကြောင်းမှာ စစ်ဆေးခြင်းကဲ့သို့သော လုပ်ငန်းများ နယ်အဆင့်လုပ်ဆောင်နိုင်ရန် ရည်ရွယ်ထားသည်ကို တွေ့ရသည်။ သတ္တုတွင်းဆိုင်ရာ အစိုးရလုပ်ငန်းဆောင်တာအများစုကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တိုင်း/ပြည်နယ်နှင့်မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ကိုင်ပါသည်။ အထွေအထွေအုပ်ချုပ်ရေးဌာနမှအရာရှိများသည် နယ်သစ်တောဌာန၊ ကျေးရွာအုပ်ချုပ်ရေးသာမန်အားဖြင့် ကျေးရွာနှင့်ကျေးရွာအုပ်စု ခေါင်းဆောင်များနှင့် တစ်ခါတစ်ရံ သက်ဆိုင်ရာကျေးရွာလူကြီးများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။ နိုင်ငံပိုင်သတ္တုတွင်းလုပ်ငန်း (SOE) ရုံးခွဲများရှိသည့် နေရာများတွင် ၎င်းတို့သည် ကုန်သွယ်ရေးနှင့်စည်းမျဉ်းဥပဒေကြီးကြပ်မှုနှစ်ခုလုံး လုပ်ဆောင်ကြပြီး တရားမဝင်သတ္တုတူးဖော်မှုများထိန်းချုပ်ရန် မြို့နယ်ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။[118] မည်သည့်အဖွဲ့အစည်းက ခွင့်ပြုမိန့်ထုတ်ပေးထားသည်ကို မကြည့်ဘဲ လက်ရှိတွင် တရားဝင်ရရှိသည့် ဝင်ငွေများသည် ဗဟိုအဖွဲ့များသို့ ပေးဆောင်ရသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အစိုးရတာဝန်ခံများသည် ဖော်ပြထားသော သတ္တုနှင့် ပတ်သက်သည့်လုပ်ငန်းများအတွက် ဝင်ငွေမရသော်လည်း ကြီးကြပ်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြရပါသည်။

## လွှတ်တော်၏အခန်းကဏ္ဍ

ပြည်ထောင်စုနှင့်တိုင်း/ပြည်နယ်အဆင့် နှစ်ခုစလုံးရှိ လွှတ်တော်များသည် သတ္တုတွင်းလုပ်ငန်းတွင် အာရုံစိုက်မှုပိုများလာပါသည်။ အမျိုးသားလွှတ်တော်၊ အထက်လွှတ်တော်က ယခင်အစိုးရမှ ဖွဲ့စည်းထားခဲ့သည့် ဓာတ်သတ္တုနှင့် သဘာဝသယံဇာတစီမံခန့်ခွဲရေး ကော်မတီအစား သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအဖြစ် အစားထိုးဖွဲ့စည်းခဲ့သည်။ ထိုကော်မတီအနေဖြင့် တရားမဝင်သတ္တုတူးဖော်မှုများနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို ကြိုးပမ်းကန့်သတ်ရန် ဆိုသည့်အချက်သည် ၎င်းတို့၏ ရည်ရွယ်ချက်ဖြစ်သည်ဟု ကြေညာခဲ့သည်။[119] အောက်လွှတ်တော်၊ ပြည်သူ့လွှတ်တော်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတစ်ရပ်ရှိပါသည်။

## (ခ)မြန်မာနိုင်ငံ စည်းမျဉ်းဥပဒေများ

### မြန်မာ့သတ္တုတွင်းဥပဒေ (၂၀၁၅)၊ သတ္တုတွင်းနည်းဥပဒေ (၂၀၁၈)နှင့်ထုတ်လုပ်မှုအပေါ် ခွဲဝေ စာချုပ်များ။

၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်းဥပဒေသည် နိုင်ငံအတွင်းရှိ သတ္တုတွင်းနှင့်သယံဇာတအခန်းကဏ္ဍ ကိုအဓိက အုပ်ချုပ်စီမံနေသော စည်းမျဉ်းဥပဒေဖြစ်သည်။[120] ၎င်းတွင် သတ္တုတွင်းလိုင်စင် ထုတ်ပေးခြင်းမှုဘောင်၊ MONREC မှ ပြည်ထောင်စုနှင့်တိုင်း/ပြည်နယ်အဆင့် သက်ဆိုင်ရာအခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ၊ ငွေကြေးဆိုင်ရာ စည်းကမ်းချက်များနှင့် တွင်းထွက်ပစ္စည်းများအတွက် ဓာတ်သတ္တုအခွန်နှုန်းထားများအပါအဝင် သတ္တုတွင်းစစ်ဆေးခြင်း၏ရည်ရွယ်ချက်များနှင့် သတ္တုတွင်းဥပဒေနှင့်အညီ လိုက်နာမှုမရှိလျှင် အပြစ်ဒဏ်ချမှတ်ခြင်းစသည်တို့ပါဝင်သည်။ ယခု ၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော ဥပဒေကို လွှတ်တော်အတွင်းတွင် (၃) နှစ်တာ ဆွေးနွေးငြင်းခုန်ခဲ့ရပြီး သတ္တုတွင်းလုပ်ငန်းစီးပွားရေးကို အလေးပေးသော လွှတ်တော်အမတ်များမှ ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြန်လည်ပြင်ဆင်ထားသော ဥပဒေတွင် အပြောင်းအလဲအချို့ ထည့်သွင်းထားသော်

118 MCRB ကွင်းဆင်းလေ့လာချက်များ၊ ၂၀၁၆။

119 မြန်မာတိုင်း(မ်) - အမျိုးသားလွှတ်တော်သည် သယံဇာတထုတ်ယူမှုနှင့် ပတ်သက်ပြီး ပစ်မှတ်ထားသည်။ ၂၀၁၆၊ ဖေဖော်ဝါရီလ ၂၂။

120 သတ္တုတွင်းဥပဒေကို ပြန်လည်ပြင်ဆင်သော ဥပဒေ (မြန်မာဘာသာဖြင့်သာ) ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၇၂/၂၀၁၅၊ ၂၀၁၅ ဒီဇင်ဘာလ၊ ၂၄။

လည်း ၁၉၉၄ ခုနှစ် ဥပဒေ၏ ဖွဲ့စည်းတည်ဖောက်ပုံ၊ နယ်ပယ်(scope)၊ နှင့် ချဉ်းကပ်ပုံများအပါအဝင် အားနည်းချက်အများအပြား ပြန်လည်ထည့်သွင်းထားသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဖက်အဖွဲ့များ အပါအဝင် ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်းအမျိုးအမျိုးမှ ၎င်းကို ဝေဖန်မှုများလည်းရှိသည်။[121] ၎င်း၏ အခြားအားနည်းချက်မှာ ထိရောက်သည့် အခြားနိုင်ငံများ၏ သတ္တုတွင်းနည်းဥပဒေများတွင် တွေ့ရသည့် Mineral Cadaster ကဲ့သို့သော အခြေခံလိုအပ်ချက်များ လိုအပ်မည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေထွက်ပြီးနောက် ရက် (၉၀) အတွင်း နည်းဥပဒေ ထွက်ရှိရမည်ဟုပါရှိသည်။ ပြန်လည်ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်းဥပဒေကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေများကိုမူ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုခဲ့သည်။ SWIA ကို ထုတ်ဝေချိန်တွင် ၎င်းနည်းဥပဒေအား ပြန်လည်စဉ်းစားရန် လွှတ်တော်တွင်ရှိနေခဲ့သည်။ လက်ရှိအချိန်တွင် ၁၉၉၆ ခုနှစ် မြန်မာ့သတ္တုတွင်း နည်းဥပဒေများကသာ တရားဝင်ဖြစ်နေဆဲဖြစ်သည်။[122] မြန်မာ့သတ္တုတွင်းကဏ္ဍ၏ ငွေကြေး၊ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုများကို တိုးတက်အောင် ဆောင်ရွက်နေသည့် ဤလုပ်ငန်းနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ CSO များက နည်းဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ပိုမိုပွင့်လင်းမြင်သာမှုရှိသော အများပြည်သူနှင့် ဆွေးနွေးမှုများရှိမည်ဟု မျှော်လင့်ခဲ့သော်လည်း မြန်မာ့သတ္တုတွင်းဥပဒေအတည်ပြုရာတွင် အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးမှုများလိုအပ်ခဲ့ပါသည်။[123] ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလတွင်ဝန်ကြီးဌာနသည်၎င်း၏နည်းပညာအကြံပေး၏ အားပေးမှုဖြင့် ကနဦးအများပြည်သူများ ၏အကြံပြုချက်ကို တောင်းခံခဲ့ရာ MCRB ၏ တင်ပြချက်ကို ရရှိခဲ့သည်။[124] သို့သော် မူကြမ်းနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးခြင်းမရှိပဲ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် စာမျက်နှာ (၁၀၀) ပါသော နည်းဥပဒေကို အတည်ပြုခဲ့သည်။

အောက်ပါအချက်များသည် ၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်းဥပဒေနှင့် အဆိုပြုထားသော ၂၀၁၈ ခုနှစ် သတ္တုတွင်း နည်းဥပဒေများ၏ အကျဉ်းချုပ်ဖြစ်သည်။ (လက်လုပ်လက်စားသတ္တုတူး ဖော်ခြင်းကို အခန်း (၂) တွင် အသေးစိတ်ဖော်ပြထားပါသည်။

## *ပါဝင်သော ထုတ်ကုန်ပစ္စည်းများ*

- ၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်း ဥပဒေသည် ကျောက်မျက်ရတနာစည်းမျဉ်းဥပဒေကို အခြားဓာတ်သတ္တုများဥပဒေမှ ခွဲထုတ်ပြီး ၂၀၁၆ ခုနှစ် ကျောက်မျက်ရတနာဥပဒေ သီးသန့်ထွက်ပေါ်လာစေပါသည်။ ၂၀၁၆ ခုနှစ် ကျောက်မျက်ရတနာဥပဒေ (လက်ရှိတွင် ဆက်လက် ပြင်ဆင်နေသည်) တွင် မြန်မာနိုင်ငံရှိ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ စိန်နှင့် အခြားတန်ဖိုးရှိသော အရောင်စုံကျောက်မျက်ရတနာများနှင့် သက်ဆိုင်သော ဥပဒေများပါဝင်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ကျောက်မျက်ကဏ္ဍအတွက် သီးသန့်စည်းမျဉ်းဥပဒေဖြင့် ကြီးကြပ်မှုများကို ထည့်သွင်းထားပြီး နည်းဥပဒေများမှာ ၂၀၁၆ ခုနှစ် ဇွန်လတွင် မူကြမ်းအဆင့်သာရှိနေသေးပြီး လွှတ်တော်မှဆန်းစစ်နေသည့် အခြေအနေတွင်ရှိပါသည်။ ထိုဥပဒေနှင့် နည်းဥပဒေကို နိုင်ငံတော်ပိုင်မြန်မာ့ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်းက သီးသန့်စီမံခန့်ခွဲသည်။ အခြားစီရင်ပိုင်ခွင့်များတွင် ကျောက်မျက်ရတနာကို အခြေားဓာတ်သတ္တုများမှ သီးသန့်စီမံခန့်ခွဲမှု မတွေ့ရသလောက်ရှိသည်။ ယခုကဏ္ဍတွင် ကျောက်မျက်ရတနာကို သီးသန့်စီမံခန့်ခွဲသောကြောင့် စီမံအုပ်ချုပ်ရေးပြဿနာများကို မေးခွန်းထုတ်နေကြပါသည်။[125]

---

121 မြန်မာ့သတ္တုတွင်းဥပဒေ ပြင်ဆင်ချက်များ၊ Stephenson Harwood၊ ၂၀၁၆၊ မတ်လ ၁၄ ရက်။

122 မြန်မာသတ္တုတွင်းဥပဒေ၊ ၁၉၉၄။

123 MCRB တွေ့ဆုံဆွေးနွေးချက်များ၊ ၂၀၁၆။

124 MCRB ၏ မြန်မာ့သတ္တုတွင်းဥပဒေ အကောင်အထည်ဖော်ရန် နည်းဥပဒေမူကြမ်းတင်ပြချက်၊ ၂၀၁၆၊ မတ်လ ၇ ရက်။

125 မြန်မာနိုင်ငံသည် ကျောက်မျက်ရတနာလိုအပ်ပါသလား။ Paul Shortell, NRGI - မြန်မာတိုင်း(မ်) ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၅၊ ကျောက်မျက်ရတနာကဏ္ဍကို စီမံအုပ်ချုပ်ခြင်း - ကမ္ဘာ့အတွေ့အကြုံများမှ သင်ခန်းစာများ - NRGI - ၂၀၁၇ ခုနှစ် မေလ နှင့် ကျောက် မျက်ရတနာကဏ္ဍကို စီမံအုပ်ချုပ်ခြင်း - မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားရန်များ - NRGI ၂၀၁၇ ခုနှစ် မေလ။

- ပြင်ဆင်ထားပြီးသော သတ္တုတွင်းဥပဒေသည် တန်းဖိုးရှိသော သယံဇာတ၊ အလေးစီးတွင်းထွက် (Heavy Mineral) အပါအဝင် စက်မှုကုန်ကြမ်းပစ္စည်းများနှင့်အခြားသယံဇာတသတ္တုအားလုံးအတွက် တရားဝင်စည်းမျဉ်းမူဘောင်များကိုချ မှတ်ပေးပါသည်။
- ပုလဲကို ဓာတ်သတ္တုသယံဇာတဟု သတ်မှတ်ထားခြင်းမရှိသော်လည်း MONREC ၏ စီမံကြီးကြပ်မှုအောက်တွင် ထည့်သွင်းထားပါသည်။ ကျောက်မျက်ရတနာဥပဒေကဲ့သို့ ပုလဲကိုလည်း ၂၀၁၄ ခုနှစ် ပြင်ဆင်ထားသော မြန်မာ့ပုလဲလုပ်ငန်း ဥပဒေဖြင့် သီးခြားစီမံခန့်ခွဲပါသည်။[126]

## လိုင်စင်ထုတ်ပေးခြင်းနှင့်ပိုင်ဆိုင်မှု

၂၀၁၅ ခုနှစ် ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်းဥပဒေသည် နိုင်ငံခြားရင်းနှီးမြှုပ်မှုကို ကန့်သတ်ထားပြီးအကြီးစား ဓာတ်သတ္တုလုပ်ငန်းများအတွက်သာ ခွင့်ပြုမိန့်ပေးပါသည်။ ၎င်းသည် ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်မှုကို တားမြစ်ထားပြီး မြန်မာနိုင်ငံကုမ္ပဏီများကသာ ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရှိသည်။ ၂၀၁၅ ခုနှစ် ပြင်ဆင်ထားသော ဥပဒေတွင် -

- ပြင်ဆင်ထားသည့် ခွင့်ပြုနိုင်သောအမျိုးအစားနှင့် လုပ်ထုံးလုပ်နည်းများကို မိတ်ဆက်ထားသည်။
- အလတ်စား ဓာတ်သတ္တုထုတ်လုပ်ခွင့်ကို မိတ်ဆက်ထားသည်။
- ဥပဒေထဲတွင် အကြီးစား၊ အလတ်စား၊ အသေးစားနှင့်လက်လုပ်လက်စား သတ္တုတွင်းအရွယ်အစားများကို ထည့်သွင်းထားခြင်းမရှိဘဲ - နည်းဥပဒေတွင် ထည့်သွင်းရန် ချန်ထားခဲ့ခြင်းဖြစ်သည်။ အဆိုပြုထားသော ၂၀၁၈ ခုနှစ် သတ္တုတွင်းနည်းဥပဒေတွင် ၁၉၉၆ နည်းဥပဒေပါ ရှုပ်ထွေးသော လိုင်စင်အမျိုးမျိုးထုတ်ပေးရေး အစီအမံများကို ပြန်လည်ထည့်ထားပါသည်။ ခွင့်ပြုမိန့်အမျိုးအစားများ - အကြီးစား၊ အလတ်စား၊ အသေးစား သို့မဟုတ် လက်လုပ်လက်စား။ ၎င်းတို့ကို ခွင့်ပြုမိန့်သက်တမ်း၊ အရွယ်အစား၊ ထုတ်ကုန်အမျိုးအစားနှင့် ပိုင်ဆိုင်မှု အမျိုးအစား (နိုင်ငံခြား သို့မဟုတ် မြန်မာ) အပေါ်မူတည်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားပါ သည်။ ၁၉၉၆ ခုနှစ် နည်းဥပဒေနှင့် နှိုင်းယှဉ်ကြည့်လျှင် အချို့ခွင့်ပြုမိန့်အရွယ်အစားကို လျှော့ထားပြီး ခွင့်ပြုမိန့်သက်တမ်းကိုလည်း ပြောင်းထားပါသည်။
- လိုင်စင်ထုတ်ပေးခြင်းနှင့် ဓာတ်သတ္တုအခွန်များပေးဆောင်ခြင်း ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားသားနှင့်နိုင်ငံသား (မြန်မာ) ရင်းနှီးမြှုပ်နှံမှုကိုခွဲခြားထားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ယှဉ်လျှင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကို ပိုမိုလွယ်ကူစေရန် စီမံထားသည်ကို တွေ့ရသည်။ (အခန်း ၃)။ (၂၀၁၆ ခုနှစ် MCRB ၏ ကွင်းဆင်းလေ့လာချက်များအရ ထုတ်လုပ်မှုအပေါ်ခွဲဝေစာချုပ် (PSC) စည်းကမ်းချက်များသည် ဒေသခံရင်းနှီးမြှုပ်နှံသူများအတွက် ထုတ်လုပ်မှုအပေါ်ပေးသွင်းရမည်များကို အရည်အသွေးသန့်စင်မှုနည်းသော ဓာတ်သတ္တုများပေးသွင်းခြင်းဖြင့် ပြည့်မီစေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှာ ထိုကဲ့သို့ လုပ်ပိုင်ခွင့်မရှိပါ။ )
- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်အလတ်စားနှင့်အသေးစားလုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပထဝီအနေအထား၊ လေ့လာချက်အစီရင်ခံစာများ၊ သတ္တုသိုက်အရည်အသွေးနှင့် ပမာဏအပေါ်မူတည်၍ အကြီးစားထုတ်လုပ်မှုသို့ ကူးပြောင်းလုပ်ကိုင်နိုင်မှုအခြေအနေကို မိတ်ဆက်ထားပါသည်။ (အခန်း ၃ - အပိုဒ် ၇(ဂ))။ ဓာတ်သတ္တုလိုင်စင်လွှဲပြောင်းပေးခြင်းသည် MONREC ၏ဆန်းစစ်မှုနှင့် သဘောတူခွင့်ပြုမှုအပေါ်မူတည်ပါသည်။
- အကြီးစားဓာတ်သတ္တုထုတ်လုပ်မှုခွင့်ပြုမိန့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြုပြင်ထားပါသည်။

126 မြန်မာ့ပုလဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ၂၀၁၄။

- အကြီးစားလုပ်ငန်းလိုင်စင်သက်တမ်းကို အများဆုံး ၂၅ မှ ၅၀ အထိ တိုးထားပါသည်။ ၎င်းသည် မြန်မာနှင့် အလားအလာကောင်းသော နိုင်ခြားရင်းနှီးမြှုပ်နှံသူများ၏ ထောက်ခံပြောဆိုအကြံပြုထားသောကြောင့် ဖြစ်သည်။[127] ခွင့်ပြုမိန့်သက်တမ်းတိုးထားခြင်းသည် လုပ်ကွက်ကို သေချာစေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးလာမည်ဟု အဆိုပြုတင်ထားခြင်းလည်းဖြစ်သည်။ ထို့အပြင် ပိုမိုရှည်ကြာသော လုပ်ငန်းလည်ပတ်အချိန် ပေးထားခြင်းကြောင့် ရေရှည်တည်တံ့သည့် သတ္တုတွင်းလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ ထုတ်လုပ်မှုကို အစောတလျင်လုပ်ကိုင်မှုမှ ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။
- တရားမဝင်သတ္တုတူးဖော်ခြင်းကဲ့သို့ တရားဥပဒေကိုချိုးဖောက်မှုများအတွက် ပြစ်ဒဏ်များတိုးမြှင့်ထားသည်။

ဇယား ၂ တွင် ၂၀၁၅ ခုနှစ် ဥပဒေ၊ ၂၀၁၈ ခုနှစ် အဆိုပြုနည်းဥပဒေများ အတည်ပြုပြီးနောက်ပိုင်း ပေးထားသော ဓာတ်သတ္တုလိုင်စင် အမျိုးအစားများအကျဉ်းချုပ်ကို ဖော်ပြထားပါသည်။ SWIA အစီရင်ခံစာတွင် လက်လုပ်လက်စားနှင့် သက်ဆိုင်မှုမရှိသော ကျောက်မျက်ရတနာလိုင်စင်များ မပါဝင်ပါ။ (သီးသန့်ဖော်ပြထားပါသည်)။

ခွင့်ပြုမိန့်များကို ဝန်ကြီးဌာနက ထုတ်ပေးပါသည်။ ဥပမာ - MONREC - အသေးစားထုတ်လုပ်ခွင့် လိုင်စင်မှလွဲ၍ ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီ ထောက်ခံချက်ဖြင့် ထုတ်ပေးသည်။ နည်းဥပဒေ ပုဒ်မ ၈၇ (က) အရ၊ ထို အသေးစားလိုင်စင်များကို တိုင်း/ပြည်နယ် လုပ်ကွက်စီစစ်ရေးနှင့် ခွင့်ပြုမိန့်ထုတ်ပေးရေးအဖွဲ့မှ ဝန်ကြီးဌာနသို့ အစီရင်ခံစာတင်ပြပြီး အကြံပြုချက်များရယူ၍ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။ (ဤကဲ့သို့ပြုလုပ်ခြင်းသည် လုပ်ကွက်ထပ်သည့်ပြဿနာကို ရှောင်ရှားသည့် နည်းလမ်းတစ်ခု ဖြစ်နိုင်သည်။)

**ဇယား ၂။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန်နှင့်ထုတ်လုပ်ရန် ခွင့်ပြုမိန့်အမျိုးအစားများ**

| **ခွင့်ပြုမိန့် အမျိုးအစား** | **အများဆုံး အရွယ်အစား (နည်းဥပဒေ - ၁၂)** | **လိုင်စင်သက်တမ်း (သက်တမ်းတိုး ခြင်းအပါအဝင် နှစ်(year) များ** |
|---|---|---|
| အကြီးစား | ၁ မှ ၂၁၀၀ စတုရန်းကီလိုမီတာ | **ရှာဖွေခြင်း** (နည်းဥပဒေ ၁၀ + ၁၇ (ခ) ၁ +၁<br>**စမ်းသပ်တိုင်းတာခြင်း** (နည်းဥပဒေ ၂၆ + ၃၂ (ခ) ၃ + ၁ + ၁<br>**ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း** (နည်းဥပဒေ ၃၈၊ ၄၄ က၊ခ) ၁+၁+၁<br>**ထုတ်လုပ်မှု** (နည်းဥပဒေ ၅၂ + ၅၈) ၁၅ မှ ၅၀ ထိ၊ + ၅ |
| အလတ်စား | ၁ စတုရန်းကီလိုမီတာ အထိ | **ရှာဖွေခြင်း** (နည်းဥပဒေ ၁၀ + ၁၇ (ခ) ၁ +၁<br>**စမ်းသပ်တိုင်းတာခြင်း** (နည်းဥပဒေ ၂၆ က၊ခ + ၃၂၊ ၃ + ၁ + ၁<br>**ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း** (နည်းဥပဒေ ၃၈၊ ၄၄ က၊ခ) ၁+၁+၁<br>**ထုတ်လုပ်မှု** (နည်းဥပဒေ ၆၈ + ၇၄) ၁၀ မှ ၁၅ ထိ၊ +၂ |
| **အသေးစား** | | |

127 MCRB တွေ့ဆုံမေးမြန်းချက်များ၊ ၂၀၁၆။

| | | |
|---|---|---|
| စက်မှုတွင်း ထွက်ကုန်ကြမ်း ပစ္စည်း သို့မဟုတ် ကျောက်ဖြစ်လျှင် | <၀.၀၈ စတုရန်းကီလိုမီတာ (ဧက ၂၀) | **ရှာဖွေခြင်း** (နည်းဥပဒေ ၁၁ + ၁၇ (ဂ) ၁ + ၁<br>**စမ်းသပ်တိုင်းတာခြင်း** (နည်းဥပဒေ ၂၇ + ၃၂ (ဂ) ၁ + ၁ + ၁<br>**ထုတ်လုပ်မှု** (နည်းဥပဒေ ၈၆ + ၉၂) ၅ မှ ၁၀ ထိ၊ + ၂ |
| ရွှေနှင့်အဖိုးတန် သတ္တုမှအပ အခြားသတ္တုဖြစ်လျှင် | <၀.၀၄ စတုရန်းကီလိုမီတာ (၁၀ ဧက) | |
| ရွှေ | <၀.၀၁၆ စတုရန်းကီလိုမီတာ (၄ ဧက) | |

ရှာဖွေခြင်းအဆင့်အတွက် ကောင်းကင်မှလေ့လာခြင်းကို ခွင့်ပြုထားသော်လည်း ယခု ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သော သတ္တုတွင်းနည်းဥပဒေတွင်မူ အဆင့်အမျိုးမျိုးအတွက် ခွင့်ပြုထားသော လုပ်ငန်းစဉ်များကို လေ့လာရန် ထိုကဲ့သို့လေ့လာနိုင်ခြင်းကို ခွင့်ပြုထားသည်ဆိုသည့်အချက် မပါဝင်ခဲ့ပါ။ (ယခင်မူကြမ်းတွင် ခွင့်ပြုထားသည့်စမ်းသပ်တိုင်းတာရေး လုပ်ငန်းစဉ်များ၏စာရင်းတွင် ထည့်သွင်းထားသည်။)

လျှောက်ထားမှုအားလုံးအတွက် သတ္တုတူးဖော်မှုအဆင့်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ လိုင်စင်အမျိုးအစားအသီးသီး၏ (ဥပမာ - ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း သို့မဟုတ် ထုတ်လုပ်မှု) အများဆုံးအရွယ်အစားများကို နည်းဥပဒေ ၁၂ တွင် ဓာတ်သတ္တုနှင့်ခွင့်ပြုမိန့်အမျိုးအစား (အကြီးစား၊ အလတ်စား သို့မဟုတ် အသေးစား) ကို မူတည်၍ ဖော်ပြထားပါသည်။ ထို့ကြောင့် စီမံကိန်းတစ်လျှောက် လုပ်ကွက်အရွယ်အစားတစ်ခုတည်းဖြစ်နေမှုကို ပြန်လည်ဆန်းစစ်ရန်လိုအပ်ပါသည်။ ရလဒ်အနေဖြင့် ထုတ်လုပ်မှုခွင့်ပြု မိန့်ချထားသောအခါ အများဆုံး ၂၁၀၀ စတုရန်းကီလိုမီတာ ဖြစ်သွားနိုင်သောကြောင့်ဖြစ်သည်။ ၎င်းဧရိယာသည် Mauritius ကျွန်းစု နိုင်ငံ၏ ဧရိယာထက်ကြီးသောကြောင့် ဖြစ်သည်။

အခြေခံလုပ်ငန်းစဉ်များဖြစ်သော လိုင်စင်လျှောက်လွှာများကို MONREC မှစီစစ်ခြင်းလုပ်ငန်းအပါအဝင် လိုင်စင်ထုတ်ပေးခြင်းအဆင့်များသည် ဥပဒေ သို့မဟုတ် နည်းဥပဒေ မည်သည်မှ လိုက်နာရမည်ကိုမူ ရှင်းလင်းခြင်း မရှိ ပါ။ (အခန်း ၄ ကို ကြည့်ပါ)။ MONREC အနေဖြင့် ပုံစံအချို့ကိုအွန်လိုင်းပေါ်တွင် ရရှိနိုင်အောင် ပြုလုပ်ပေးခြင်း အားဖြင့် ဓာတ်သတ္တုလိုင်စင်လျှောက်သည့်အခါ မည်သည့်အချက်များလိုအပ်သည်ကို ပိုမိုသိရှိမည် ဖြစ်သည်။[128] သို့သော် MONREC မှ လျှောက်လွှာများကိုလက်ခံပြီး မည်သို့စိစစ်ဆေးသည်ကိုမူ ရှင်းပြထားခြင်း သို့မဟုတ် အချက်အလက်များကို မပေးထားပါ။

MCRB ၏ လေ့လာတွေ့ရှိချက်များအရ လက်တွေ့တွင် ဓာတ်သတ္တုလိုင်စင်များကို DGSE, ECD နှင့်သက်ဆိုင်ရာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း(SOEs)များမှ ပေးသောသဘောထားမှတ်ချက်များဖြင့် MONREC ၏ ကော်မတီက စီစစ်ခွင့်ပြုပေးနေသည်ကို တွေ့ရသည်။ သို့သော် ဤကဲ့သို့ဆုံးဖြတ်ချက်ချရာတွင် ပါဝင်သည့် သက်ဆိုင်ရာ အဖွဲ့များ၏အခန်းကဏ္ဍကိုမူ ဥပဒေများ၊ နည်းဥပဒေများနှင့် အများပြည်သူသိရှိနိုင်သော စာရွက်စာတမ်းများတွင် ရှင်းလင်းတင်ပြထားခြင်း မရှိပါ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၁၅ ခုနှစ် ပြင်ဆင်ထားသော သတ္တုတွင်းဥပဒေကို ဆက်လက်ညှိနှိုင်းဆိုရလျှင် လက်လုပ်လက်စားနှင့် အသေးစားလုပ်ကွက်များအတွက် ခွင့်ပြုမိန့်များကို သီအိုရီအရ တိုင်း/ပြည်နယ်အဆင့်သို့ တာဝန်အပ်နှင်းပေးခဲ့ပြီးဖြစ်သည်။

128 NRGI - မြန်မာနိုင်ငံရှိ ဓာတ်သတ္တုနှင့်ကျောက်မျက်ရတနာလုပ်ငန်းများအတွက် လိုင်စင်ပေးခြင်း၊ ၂၀၁၆ ဧပြီလ - စာ-၈

မြန်မာနိုင်ငံ၏ပထမဆုံး EITI အစီရင်ခံစာသည် MONREC အနေဖြင့် လိုင်စင်လျှောက်လွှာများကို စီစစ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အခြေခံအကြောင်းအချက်များကို ညွှန်းဆိုပြထားပါသည်။ သို့သော် ထိုအခြေခံအချက်များကို မည်သို့ ချိန်တွယ်ထားသည်ကိုမူ ရှင်းလင်းစွာမသိရပါ။ ထို့ကြောင့် ဤအချက်များသည် အစိုးရအပေါ် အမြင့်ဆုံး သုံးသပ်ဆုံးဖြတ်ရမည့်အခြေအနေသက်ရောက်စေပြီး ရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့် မသေချာမှုများ ဖြစ်စေပါသည်။ လက်ရှိရှုပ်ထွေးသောလိုင်စင်ချထားရေး လုပ်ထုံးလုပ်နည်းများနှင့်ဆက်နွယ်နေသော ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်EIA လုပ်ထုံးလုပ်နည်းများကို အပိုင်း (၄) တွင်ဆက်လက် ဆွေးနွေးဖော်ပြထားပါသည်။

## *ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့်ဖြစ်မြောက်နိုင်စွမ်း တစ်ပေါင်းတည်းလိုင်စင်*

၂၀၁၅ ခုနှစ် ပြင်ဆင်ထားသော သတ္တုတွင်းဥပဒေ (နှင့် ၂၀၁၈ ခုနှစ် အဆိုပြုနည်းဥပဒေများ) ၏ ပြဿနာတစ်ခုမှာ ၁၉၉၄ ခုနှစ် သတ္တုတွင်းဥပဒေကဲ့သို့ သတ္တုတွင်းကုမ္ပဏီများကို ‘ဆက်လက်လုပ်ကိုင်ခွင့်’ အာမခံချက် မပေးထားပါ။ ဤသည်ကား တရားဥပဒေအရ အာမခံချက်ဖြစ်ပြီး ကုမ္ပဏီတစ်ခုမှ မိမိတို့ ရင်းနှီးမြှုပ်နှံငွေဖြင့် ရှာဖွေခြင်းနှင့်စမ်းသပ်တိုင်းတာခြင်းမှတွေ့ရှိထားသော သယံဇာတကို ထုတ်လုပ်မှုမတိုင်မီ အခြားကုမ္ပဏီသို့အပ်နှံခြင်း မပြုလုပ်လိုပါ။ ယခုကဲ့သို့ အာမခံချက်မရှိလျှင် ကုမ္ပဏီကြီးများအနည်းငယ်သာ ဤဈေးကွက်ထဲကို စွန့်စားဝင်ရောက်လာမည် ဖြစ်သည်။

ဤမသေချာမှုကိုကိုင်တွယ်ရာတွင် အလားအလာရှိသော အကြီးစားသတ္တုတွင်း ရင်းနှီးမြှုပ်နှံမည့်သူများသည် ရှာဖွေခြင်းအဆင့်မှစ၍ သတ္တုတွင်းစီမံကိန်းတစ်ခု၏ အနည်းဆုံးအဆင့်(၃) ဆင့်ပါဝင်သည့် တစ်ပေါင်းတည်း လိုင်စင်ကို ရယူလိုကြသည်။ သာမန်အားဖြင့် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းတို့ပါဝင်သည်။ ထိုလိုင်စင်များသည် အချိန် (၅) နှစ်သက်တမ်းရှိပြီး (၉) နှစ်အထိ သက်တမ်းတိုးနိုင်ရမည်။ ပြင်ဆင်ထားသော သတ္တုတွင်းဥပဒေ၊ ပုဒ်မ ၉ (ဃ) အရ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် တစ်ပေါင်းတည်းလိုင်စင်အချို့ ကိုထုတ်ပေးခဲ့ပြီးဖြစ်သည်။ သို့သော် တစ်ပေါင်းတည်းလိုင်စင်သည် သက်ဆိုင်သည့် ပတ်သက်ဆက်နွယ်သူများအတွက် နားလည်ရန် ခက်ခဲပါသည်။ ဤသို့ထုတ်ပေးထားသော ကုမ္ပဏီများ၏ အဆင့်တစ်ခုစီအတွက် ခွင့်ပြုမိန့်များကို အဆင့်တိုင်းသော်လည်းကောင်း စီမံကိန်းလည်ပတ်မှုကိုစစ်ဆေးပြီးမှ ခွင့်ပြုပေးရမည်။ ထိုသို့လုပ်ဆောင်ရခြင်းမှာ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုများအပေါ် စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး စိုးရိမ်မှုများရှိသောကြောင့်ဖြစ်သည်။

## *ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းခွင့်ပြုမိန့်နှင့်တင်ပို့ရောင်းဝယ်ခြင်းခွင့်ပြုမိန့်*

ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်း ခွင့်ပြုမိန့်အမျိုးအစားအသစ်ကို (၂၀၁၅) ပြန်လည်ပြင်ဆင်ထားသောသတ္တု တွင်းဥပဒေ၊ အပိုဒ် ၁၀ တွင်ထည့်သွင်းမိတ်ဆက်ထားပြီး နည်းဥပဒေ အခန်း (၁၀) အရ အကြီးစားဆင့်တက် သန့်စင်ခွင့်ပြုမိန့်ကို တစ်ကြိမ်လျှင် (၅) နှစ်သက်တမ်းတိုးခွင့်နှင့်အတူ ၁၅ နှစ်မှ နှစ် ၅၀ အထိ၊ အလတ်စားဆင့်တက် ပြုပြင်ခြင်းခွင့်ပြုမိန့်ကို တစ်ကြိမ်လျှင် (၂) နှစ်သက်တမ်းတိုးခွင့်နှင့်အတူ ၁၀ နှစ်မှ ၁၅ နှစ်အထိ၊ အသေးစားအတွက် တစ်ကြိမ်လျှင် (၂) နှစ်သက်တမ်းတိုးနှင့်အတူ ၅ နှစ်မှ ၁၀ နှစ်အထိပေးထားပါသည်။ မည်သည်က အကြီးစား၊ အလတ်စားနှင့် အသေးစား ဖြစ်သည်ဆိုသည့် သတ်မှတ်မှုမှာ မရှင်းလင်းပါ။ နည်းဥပဒေ အခန်း (၁၁) တွင် ဓာတ်သတ္တုရောင်းဝယ်ခြင်း ခွင့်ပြုမိန့်အတွက် နည်းဥပဒေများကို ပြဋ္ဌာန်းထားပါသည်။

## လက်လုပ်လက်စား/တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူများ

လက်လုပ်လက်စားသတ္တုတူးဖော်ခြင်းကို ၂၀၁၈ ခုနှစ် အဆိုပြု သတ္တုတွင်းနည်းဥပဒေနှင့် နည်းဥပဒေ ၉၇ အရ သတ်မှတ်ထားသော လုပ်ကွက်အရွယ်အစားများကို ထည့်သွင်းဖော်ပြထားသည်။ ရွှေနှင့်အခြားအဖိုးတန်သတ္တုဖြစ်

လျှင် (၁) ဧက (ရွှေလုပ်ကွက်ဖြစ်ပါက အိမ်ထောင်စုတစ်စုလျှင် လုပ်ကွက်တစ်ကွက်)၊ အခြားသတ္တုများဖြစ်လျှင် (၃) ဧကနှင့် စက်မှု တွင်းထွက်ကုန်ကြမ်းပစ္စည်းများနှင့် ကျောက်ဖြစ်လျှင် (၅) ဧက စသဖြင့် သီးသီးသတ်မှတ်ပေးထား ပါသည်။ လုပ်ငန်းလည်ပတ်မှု၊ လုပ်ငန်းပိတ်သိမ်းမှုနှင့်စပ်လျဉ်း၍ အမျိုးမျိုးသော လိုအပ် ချက်များကို နည်းဥပဒေ၏ အခြားအပိုင်းများတွင် ဖော်ပြထားပါသည်။ (အပိုင်း ၂ ကိုကြည့်ပါ)။ သို့သော် လက် လုပ်လက်စားသတ္တုလုပ်ငန်းများကို စာမျက်နှာ (၁၀၀) ပါ နည်းဥပဒေထဲတွင် ထည့်သွင်းထားပြီး လက်လုပ်လက်စားတူးဖော်သူများကို စည်းကမ်းဖြင့် ကြီးကြပ်ရန်အတွက် လွယ်ကူစွာ အသုံးပြုနိုင်မည် မဟုတ်ပါ။ ၎င်းကို သီးသန့် နည်းဥပဒေတစ်ခုထုတ်ထားလျှင် ပိုမိုလက်တွေ့ကျမည်ဖြစ်ပြီး တိကျသည့် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် ပြောင်းလဲမှုများ လုပ်နိုင်ရမည်ဖြစ်သည်။

## ငွေကြေးဆိုင်ရာ စနစ်များ၊ ထုတ်လုပ်မှုအပေါ် ခွဲခြင်းစည်းမျဉ်းစည်းကမ်းများ၊ အခွန်များနှင့်ဓာတ်သတ္တု အခွန်များ

၁၉၉၄ ခုနှစ် သတ္တုတွင်းဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် မြန်မာကုမ္ပဏီတစ်ခု၊ သက်ဆိုင်ရာနိုင်ငံ တော်ပိုင်း သတ္တုတွင်းလုပ်ငန်းတစ်ခုခု (SOE) နှင့် ဖက်စပ်လုပ်ကိုင်ရမည်ဖြစ်ပြီး ထုတ်လုပ်မှုအပေါ် ခွဲဝေ၍ သော် လည်းကောင်း အကျိုးအမြတ်အပေါ် ခွဲဝေ၍သော်လည်းကောင်း လုပ်ကိုင်ရမည်။ ထုတ်လုပ်မှုအပေါ် ခွဲဝေစာချုပ် (PSC) မြန်မာနိုင်ငံတွင် လုပ်လေ့လုပ်ထရှိသော ဓာတ်သတ္တုအခွန်များ ကောက်ခံသည့် နည်းလမ်းဖြစ်သော်လည်း ကမ္ဘာပေါ်ရှိ သတ္တုတွင်းလုပ်ငန်းများတွင် ဤနည်းလမ်းကိုအသုံးပြုမှု အလွန်ပင်နည်းပါသည်။ မည်သည့်အတွက် ကြောင့် သတ္တုတွင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များ သို့မဟုတ် လိုင်စင်ထုတ်ပေးရေးစနစ်များမှာ PSCs ကို ပိုအားသာကြသည်မှာ အကြောင်းအရင်းများစွာရှိသည်။ ဤကဲ့သို့ မြန်မာနိုင်ငံတွင် ဆက်လက်အသုံးပြု နေခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အတားအဆီးဖြစ်စေပါသည်။

၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်းဥပဒေအရ ဓာတ်သတ္တုထုတ်လုပ်မှု ခွင့်ပြုမိန့်ကိုင် ဆောင်ထားသူသည် မိမိတို့ရောင်းချသည့် ဓာတ်သတ္တုအပေါ် အခွန်ပေးဆောင်ရမည်။ ၁၉၉၄ ခုနှစ် မြန်မာ့ သတ္တုတွင်း ဥပဒေအရ ယခင် သတ္တုတွင်းဝန်ကြီးဌာန (ယခု MONREC) မှ နှုန်းထားကို သတ်မှတ်ပေးသည်။ ယခုကဲ့သို့ စီမံ ခန့်ခွဲမှုသည် SWIA လေ့လာမှု၏ အစိတ်အပိုင်းအနေဖြင့် MCRB မှ ကွင်းဆင်းမှုတွင်အနည်းငယ် လေ့လာရရှိခဲ့သည့် PSCs သဘောတူညီမှုစည်းကမ်းချက်များတွင် တွေ့ရသည်။ သို့သော် ၂၀၁၅ ခုနှစ် ပြန်လည် ပြင်ဆင်ထားသော သတ္တုတွင်းဥပဒေသည် ဓာတ်သတ္တုအုပ်စုပေါ် မူတည်၍ ဓာတ်သတ္တုခွန်ကို သတ်မှတ်ထားပြီးဖြစ်သည်။ (လေးထောင့် ဇယားကွက် ၆)

ဆိုလိုသည်မှာ ဓာတ်သတ္တုခွန်ကို ရောင်းချသည့်အခါပါဝင်သည့် သတ္တုသန့်စင်မှုရာခိုင်နှုန်းအပေါ် အခြေခံ၍ တွက် ချက်ရမည်ဖြစ်ပြီးရောင်းချချိန် နိုင်ငံတကာ ကာလပေါက်ဈေးကိုလည်း ထည့်သွင်းတွက်ချက်ရမည် ဖြစ်သည်။ (အခန်း ၁၉)။ နိုင်ငံတကာပေါက်ဈေးသည် တည်ငြိမ်မှုမရှိသည့် အခြေအနေတစ်ရပ်ဖြစ်ရာ သတ်မှတ်ထားသော ကိန်းဂဏန်းကို မည်သို့တွက်ချက်ထားသည်ကို MCRB မှ PSCs များကို စစ်ဆေးခြင်း သို့မဟုတ် ဥပဒေတွင် နည်း ပါးသည့်အသေးစိတ်ဖော်ပြချက်များကိုကြည့်၍လေ့လာခဲ့ပါသည်။ ဓာတ်သတ္တုများကိုအမှန်တကယ်ရောင်းချရသည့် ဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းထက်နည်းနေပြီး ကုမ္ပဏီများပေးချေရသော ဓာတ်သတ္တုအခွန်သည် ဥပဒေတွင် ပြဋ္ဌာန်းထားသည်ထက် ပိုပေးရနိုင်သည်။

တစ်ချိန်တည်းမှာပင် ၂၀၁၅ ခုနှစ် ပြင်ဆင်ချက်သည် မြန်မာကုမ္ပဏီများအနေဖြင့် ဓာတ်သတ္တုအခွန်ကို တွင်းထွက် သတ္တုဖြင့်လည်းပေးခွင့်ရှိသည်ကို မိတ်ဆက်ထားသည်။ ယခင်က ဓာတ်သတ္တုခွန်ကို ငွေသားဖြင့်သာပေး ချေကြ ရသည်။ နိုင်ငံခြားကုမ္ပဏီများနှင့်ဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီများသည် ဓာတ်သတ္တုအခွန်ကို မြန်မာကျပ်ဖြင့်သာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော ငွေလဲဈေးနှုန်းအတိုင်း ပေးချေကြသည်။ ကွင်းဆင်းလေ့လာချက်

များအရ အချို့သောဖက်စပ်လုပ်ကိုင်သောကုမ္ပဏီများ နိုင်ငံခြားကုမ္ပဏီများနှင့် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း အပါအဝင် ဓာတ်သတ္တုအခွန်ကို ငွေသားဖြင့်ပေးရမည်ဖြစ်သော်လည်း ထုတ်လုပ်မှုဝေစုအတိုင်း ဓာတ်သတ္တုကို ပေးကြသည်။ (ဥပမာ - သတ္တုတူးဖော်သူများသည် ရွှေခွန်ကို ငွေသားဖြင့်ပေးရမည့်အစား ရွှေဖြင့်သာ ပေးကြသည်)။ ခဲမဖြူ၊ အဖြိုက်နက်ထုတ်လုပ်သော နိုင်ငံခြားဖက်စပ်လုပ်ကိုင်သောသူများသည် အခွန်ကို မြန်မာကုမ္ပဏီများထက် သန့်စင်မှုနှုန်းမြင့်သော သတ္တုသန့်စင်များကိုပေးကြရသည်။ MCRB ၏ ကွင်းဆင်းလေ့လာချက်များအရ ၇၂ % နှင့် ၆၅ % အသီးသီးရှိသည့် သတ္တုသန့်စင်ကို ပေးကြရသည်။ ယခုကဲ့သို့ မတူညီသော ကန့်သက်ချက်များသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကာကွယ်ရေး သဘောတူညီချက်များကို စိန်ခေါ်လာနိုင်ပြီး အထူးသဖြင့် အနာဂတ်တွင်ဤကဲ့သို့ ပြောင်းလဲပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်မှုနည်း ပါးနေမည်ဖြစ်သည်။

**လေးထောင့်ဇယားကွက် ၆။ ဓာတ်သတ္တုများအတွက် ဓာတ်သတ္တုခွန်နှုန်းထားများ (၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၈)**

| ဓာတ်သတ္တုများ | ရောင်းဈေးအပေါ် ဓာတ်သတ္တုခွန် နှုန်းထား |
|---|---|
| ရွှေ၊ ပလက်တီနမ်၊ ယူရေနီယံ။ ဝန်ကြီးဌာနနှင့်ပြည်ထောင်စုအစိုးရ၏ ထောင့်ခံခွင့်ပြုချက်အပေါ်မူတည်၍ အခြားတန်ဖိုးရှိသော သတ္တုဒြပ်စင်များလဲ ပါဝင်နိုင်သည်။ ဤကဲ့သို့ ပါဝင်ပါက ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်မည်ဖြစ်သည်။ | ၅% |
| ငွေ၊ ကြေးနီ၊ ခဲ၊ အဖြိုက်နက်၊ နီကယ်၊ သဲ (Heavy Sand) နှင့်အခြားဒြပ်စင်များ။ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရ၏ ထောင့်ခံခွင့်ပြုချက်အပေါ်မူတည်၍ အခြားတန်ဖိုးရှိသော သတ္တုဒြပ်စင်များလဲ ပါဝင်နိုင်သည်။ ဤကဲ့သို့ ပါဝင် ပါက ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်မည်ဖြစ်သည်။ | ၄% |
| သံ၊ သွပ်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ အလူမီနီယံ၊ အာဆင်းနစ်၊ မင်းဂနီးစ်၊ ကိုဘော့လ် သတ္တုနှင့် အခြားဒြပ်စင်များ။ ဝန်ကြီးဌာနနှင့်ပြည်ထောင်စုအစိုးရ၏ ထောင့်ခံခွင့်ပြုချက် အပေါ်မူတည်၍ အခြားတန်ဖိုးရှိသော သတ္တုဒြပ်စင်များလဲ ပါဝင်နိုင်သည်။ ဤကဲ့သို့ ပါဝင်ပါက ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်မည်ဖြစ်သည်။ | ၃% |
| စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် ကျောက်များ | ၂% |

SWIA လေ့လာချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် MCRB သည် PSC များကို ဆန်းစစ်ခဲ့ပါသည်။ ၎င်းအချက်အလက်များကို ကုမ္ပဏီများမှ လှိုက်ဝှက်ဝေငှခဲ့ခြင်းဖြစ်ပါသည်။ ME-2 နှင့်သဘောတူစာချုပ်များတွင် ပါလေ့ရှိသော စည်းကမ်းချက်များကို အောက်ပါလေးထောင့်ဇယားကွက် ၇ တွင် ဖော်ပြထားသည်။ သို့သော် PSC ပါစည်းကမ်းချက်များကို ညှိနှိုင်းနိုင်သောကြောင့် တစ်ခုနှင့်တစ်ခု ကွဲပြားနိုင်သည်ဟု ယူဆနိုင်ပါသည်။

## သတ္တုတွင်းဥပဒေနှင့်နည်းဥပဒေပါ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းဥပဒေများ

သတ္တုတူးဖော်သူများ၏ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ တာဝန်အပိုင်းအခြားများ တိုးတက်လာစေရန် ရည်ရွယ်ပြီး ၂၀၁၅ ခုနှစ် သတ္တုတွင်းဥပဒေပြင်ဆင်မှုများတွင် ၎င်းနှင့်သက်ဆိုင်သော ဥပဒေပုဒ်မခွဲ အများအပြား ထည့်သွင်းခဲ့သည်။

ထပ်တိုး ပုဒ်မ ၁၃ (င) ၁ တွင် သတ္တုတွင်းများတွင် ပတ်ဝန်းကျင်ပျက်စီးမှုနှင့် ဒေသခံရပ်ရွာအသိုင်းအဝိုင်းများအပေါ် အန္တရာယ်လက္ခဏာဆောင်သော သက်ရောက်မှုများကို လျော့နည်းစေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နှစ်စဉ်ရန်ပုံငွေထည့်ဝင်မှုများကို ထည့်သွင်းထားသည်။

- ထပ်တိုး ပုဒ်မ ၁၃ (င) ၂ တွင် ပတ်ဝန်းကျင်ပြန်လည်ထူထောင်ရေးနှင့် အပင်များပြန်လည်စိမ်းလန်းစိုပြေရေးတို့အတွက် သတ္တုတွင်းပိတ်သိမ်းခြင်းရန်ပုံငွေထည့်သွင်းခြင်းများ သတ်မှတ်ထားရှိရမည်ဟု ဖော်ပြထားသည်။
- အဆိုပြုထားသည့် သတ္တုတွင်းနည်းဥပဒေများတွင် - နည်းဥပဒေ ပုဒ်မ ၅၂-ဂ (အကြီးစား)၊ ၆၇-ဂ (အလတ်စား) နှင့် ၈၅-ဂ (အသေးစား) လိုင်စင်များတွင် တူညီသည့်အချက်များပါဝင်ပြီး ကုမ္ပဏီများအနေဖြင့် ထုတ်လုပ်ခွင့်လိုင်စင် လျှောက်သည့်အခါ လူမှုရေးတာဝန်များနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆွေးနွေးထားမှု၊ ၎င်းတို့၏ သဘောတူညီချက်ရရှိထားမှု အထောက်အထားများကို တင်ပြရမည်ဟု ပါရှိသည်။

**လေးထောင့်ဇယားကွက် ၇၊ ထုတ်လုပ်မှုအပေါ် ခွဲဝေစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအကျဉ်းချုပ်**

- ထုတ်လုပ်မှုအပေါ် ခွဲဝေစာချုပ်ကို ဝန်ကြီးဌာနကိုယ်စားပြုအမှတ် (၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပုဂ္ဂလိကကုမ္ပဏီတို့မှ ခေါင်းဆောင်များ စာချုပ်ချုပ်ဆိုကြပါသည်။
- ယခုဖက်စပ်လုပ်ကိုင်မှုတွင် ပုဂ္ဂလိက partner မှ အနည်းဆုံးရင်းနှီးမြှုပ်နှံမှုကို မြန်မာကျပ်ငွေဖြင့် အသေးစိတ်ဖော်ပြရမည်ဖြစ်ပြီး ထိုပမာဏကို တစ်ဦးတည်းသာ ရင်းနှီးမြှုပ်နှံရမည်။
- အကျိုးအမြတ်အပေါ် ခွဲဝေခြင်း၊ ကနဦးဓာတ်သတ္တုအခွန်ပေးဆောင်ရန်လိုအပ်ပြီး ပထမ(၁၂) လ ထုတ်လုပ်မှုအတွင်း ထုတ်လုပ်မှု၏ ၅၀ % ရာခိုင်နှုန်းမှ ၄ % ရာခိုင်နှုန်းကို ပေးဆောင်ရမည်။
- ကနဦးအချိန်ကာလပြီးဆုံးပြီးနောက် ဖက်စပ် partner နှစ်ဦးအကြား ထုတ်လုပ်မှုကို နိုင်ငံတော်ပိုင်လုပ်ငန်းမှ ၃၀% ရာခိုင်နှုန်းနှင့် သတ္တုတွင်းတူးဖော်သူဖက်မှ ၇၀% ရာခိုင်နှုန်း ခွဲဝေရမည်။
- ဖက်စပ်လုပ်ကိုင်မှုမှ လစဉ်ဓာတ်သတ္တုထုတ်လုပ်မှုငွေကြေးတန်ဖိုးကို သတ်မှတ်ရာတွင် PSC ပါဖော်ပြသတ်မှတ် ထားသည့်နည်းလမ်းအတိုင်း online ပေါ်မှရရှိနိုင်သည့် ကမ္ဘာ့ဈေးကွက်တန်ဖိုးကို အခြေခံပြီး ဈေးနှုန်းကို ပျမ်းမျှတွက်ချက်သတ်မှတ်ရမည်။
- အထက်ဖော်ပြပါ ဈေးနှုန်းသတ်မှတ်ချက်အပေါ် မူတည်၍ ဈေးကွက်အရ နိုင်ငံတော်ပိုင် သတ္တုတွင်းလုပ်ငန်းသည် ၎င်းတို့၏ထုတ်လုပ်မှုခွဲဝေခြင်းကို ငွေသားဖြစ်သော်လည်းကောင်း၊ ဓာတ်သတ္တုဖြင့် သော်လည်းကောင်း ထုတ်ယူရန်ရွေးချယ်နိုင်သည်။ PSC များကို ဆန်းစစ်ချက်အရ ယခုကဲ့သို့ ရွေးချယ်ပိုင်ခွင့်သည် လစဉ် သို့မဟုတ် နှစ်စဉ် သို့မဟုတ် နောက်ကြားကာလတွင် မည်ကဲ့သို့လုပ်ဆောင်မည်ကိုမူ ရှင်းလင်းခြင်းမရှိပါ။ နိုင်ငံတော်ပိုင်သတ္တုတွင်းလုပ်ငန်းများအနေဖြင့် ယင်းကဲ့သို ဓာတ်သတ္တု သို့မဟုတ် ငွေသားတစ်ခုရွေးချယ်ခွင့်သည် ဈေးကျချိန်တွင် သိမ်းထားနိုင်ပြီး ဈေးတက်ချိန်တွင် ရောင်းချနိုင်သည်။
- ဓာတ်သတ္တုအခွန်နုတ်ပြီးနောက် ကျန်ဓာတ်သတ္တုများကို နိုင်ငံတော်ပိုင်သတ္တုလုပ်ငန်းနှင့် ပုဂ္ဂလိက partner တို့မှ အောက်ပါ ပုံသေနည်းဖြင့် ခွဲဝေရမည်။ ထုတ်လုပ်မှု မက်ထရစ်တန် x ၁၀၀ % = အမှတ် (၂) သတ္တုတွင်းလုပ်ငန်း (၃၀%) x မက်ထရစ်တန် x လုပ်ငန်းလုပ်ကိုင်သူ (၇၀%) x မက်ထရစ်တန်။
- စီမံကိန်းနှင့်ပတ်သက်သော ကုန်ကျစရိတ်များ - ဥပမာ သယ်ယူပို့ဆောင်ရေးနှင့်ထုတ်လုပ်မှု ကုန်ကျစရိတ်များကို ပုဂ္ဂလိက partner ကျခံရမည်။

- လုပ်ငန်းလည်ပတ်ရာတွင် နိုင်ငံတော်ပိုင်သတ္တုလုပ်ငန်းမှ အတည်ပြုထားသော အစီအစဉ်နှင့်အညီ လုပ်ဆောင်ရမည်။
- လုပ်ငန်းလည်ပတ်သူများအနေဖြင့် နှစ်ဦးသဘောတူထားသော ပုံစံအတိုင်း ထုတ်လုပ်မှု၊ သိုလှောင်မှုနှင့် ရောင်းချမှု အစီရင်ခံစာကို လစဉ်ပြင်ဆင်တင်ပြရမည်။ မိတ္တူကို နိုင်ငံတော်ပိုင်လုပ်ငန်း partner သို့လစဉ်ပေးပို့ရမည်။
- နိုင်ငံတော်ပိုင်လုပ်ငန်း partner မှ လိုအပ်ပါက ပုဂ္ဂလိက partner ၏ ဓာတ်သတ္တု ပို့ကုန်များအတွက် ကူညီထောက်ပံ့ပေးခြင်းနှင့် နိုင်ငံခြားငွေအကောင့်များဖွင့်၍ ကုမ္ပဏီ၏ပို့ကုန်ဆိုင်ရာငွေကြေးများကို ဘဏ်တွင်အပ်နှံထားရန်အတွက်လည်း ခွင့်ပြုပေးရမည်။
- နိုင်ငံတော်ပိုင်လုပ်ငန်း partner မှ လုပ်ကွက်အတွင်းသို့ အခြားလုပ်ငန်းလုပ်ဆောင်မည့်သူများ ဝင်ရောက်ခြင်းမှကာကွယ်ရန် တာဝန်ယူရမည်ဖြစ်ပြီး တိုင်း/ပြည်နယ်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- လုပ်ငန်းလည်ပတ်သူမှ ၁၉၉၃ ခုနှစ် မြန်မာ့အာမခံဥပဒေအရ ပြဋ္ဌာန်းထားသော အာမခံများထားရှိရမည်။
- ကုမ္ပဏီနှင့်နိုင်ငံတော်ပိုင်လုပ်ငန်းတို့အကြား အနညာတ အငြင်းပွားမှုများဖြစ်ချိန်တွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများသတ်မှတ်ထားပြီး ၎င်းကို ဖြေရှင်းရာတွင် ၁၉၄၄ ခုနှစ် မြန်မာ့အနညာတ စီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ နှင့် အညီဆောင်ရွက်ရမည်။ အနညာတစီရင်ဆုံးဖြတ်ခြင်းကို နေပြည်တော်တွင် လုပ်ဆောင်ရမည်။
- ခွင့်ပြုထားသောဧရိယာအတွင်း သတ်မှတ်ထားသည့် ဓာတ်သတ္တုအပြင် အခြားဓာတ်သတ္တုများတွေ့ရှိပါက နိုင်ငံတော်ပိုင်သတ္တုတွင်းလုပ်ငန်းသို့ သတင်းပို့ရမည်ဟု ဖော်ပြထားသည်။ PSC တစ်ခုကို ဆန်းစစ်ရာတွင် (အမှတ် (၂) သတ္တုတွင်းလုပ်ငန်းသည် JV partner အဖြစ်) စိန်များ သို့မဟုတ် အရောင်အသွေးပါသော ကျောက်မျက်ရတနာများတွေ့ပါက မြန်မာ့ကျောက်မျက်ရောင်းဝယ်ရေး ပိုင်မဟုတ်ဘဲ အမှတ် (၂) သတ္တုတွင်း လုပ်ငန်းသာ ပိုင်ဆိုင်သည်။
- လုပ်ကွက်အတွင်းအပြင်ရှိ သစ်ပင်များ ရှင်းလင်းရန်လိုအပ်ပါက သစ်တောဝန်ကြီးဌာနမှ ခွင့်ပြုမိန့်ကို ကြိုတင်ရယူရမည်။
- လုပ်ငန်းလည်ပတ်ပြီးစီးချိန်တွင် သတ္တုတွင်းတူးဖော်ထားသော မြေနေရာကို ပုဂ္ဂလိက partner မှ သစ်ပင်ပြန်လည်စိုက်ပျိုးပေးရမည်၊ သို့မဟုတ် လျော်ကြေးပေးဆောင်ရမည်။
- လုပ်ငန်းလည်ပတ်မှုကြောင့်ထိခိုက်သွားသော အိမ်များ၊ စိုက်ပျိုးမြေများ သို့မဟုတ် မြေများအတွက် ပုဂ္ဂလိ ပုဂ္ဂလိက partner မှ ထိခိုက်ခံရသည့် အုပ်စုများကို လျော်ကြေးပေးရမည်။

အဆိုပြု သတ္တုတွင်းနည်းဥပဒေများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်းများ (ဇယား - ၃) ကို လိုက်နာရန်ရည်ညွှန်းဖော်ပြထားပါသည်။ သို့သော် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ (၁) ပါ အချက်ဖြစ်သည့် မည်သည့်သတ္တုတွင်းစီမံကိန်းကိုမဆို IEE သို့မဟုတ် EIA လုပ်ဆောင်ရမည်ကိုသတ်မှတ်ထားပြီး EIA စည်းကမ်းချက်များကို ပတ်ဝန်းကျင်ထိခိုက်နိုင်သောအခြေအနေများ (ပုဒ်မ ၂၅) တွင် လုပ်ကိုင်နေသော အသေးစားလုပ်ငန်းများလည်း လိုက်နာရမည်ဟု ဖော်ပြထားသည်။ ယင်းကဲ့သို့ ကန့်သတ်ချက်များရှိသော်လည်း အရွယ်ပမာဏနှင့်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိဘဲ (ကောက်နုတ်ချက် ဇယား - ၄ ကိုကြည့်ရန်) လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ (EMP, IEE, EIA etc) ကို ကြိုတင်ချမှတ်ထားသည်ကို တွေ့ရသည်။ ၎င်းသတ္တုတွင်းအရွယ်ပမာဏကန့်သတ်ချက်များကို ဝန်ကြီးဌာနနှစ်ခုအကြား ၂၀၁၅ ခုနှစ်တွင် အကြိတ်အနယ် ငြင်းခုံခဲ့ကြသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ် သတ္တုတွင်းနည်းဥပဒေသည် ပတ်ဝန်း

ကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီမှုမရှိ၍ ၎င်းသည် စည်းမျဉ်းဥပဒေ မသေချာမှုများဖြစ်ပေါ်လာနိုင်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို ဥပဒေအရ လိုက်နာရမည်ကို ပြဌာန်းထားပြီး ကုန်ကျစရိတ်များကို JV partners များမှ ခွဲဝေကုန်ကျစေရန်ပါဝင်ပါသည်။ (ပုဒ်မ ၃၅ က) (အောက်ပါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ကြည့်ပါ)။

**ဇယား ၃။ သတ္တုတွင်းနည်းဥပဒေမူကြမ်းပါ အဆင့်အလိုက် လိုက်နာဆောင်ရွက်ရမည့် EIA, IEE, or EMP**

| အဆင့် | နည်းဥပဒေ | ၂၀၁၈ ခုနှစ် သတ္တုတွင်း နည်းဥပဒေအရ လုပ်ဆောင်ရမည့် EMP/ IEE/EIA |
|---|---|---|
| ရှာဖွေခြင်း | ၈ (င) | ဆန်းစစ်ခြင်း (စီမံကိန်းအဆိုပြုချက်ကို တင်ပြရမည်) |
| စမ်းသပ်တိုင်းတာခြင်း | ၂၄ (စ) | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |
| ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း | ၃၇ (င) | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |
| အကြီးစားထုတ်လုပ်ခြင်း | ၄၈ (စ) | ပတ်ဝန်းကျင်ထိခိုက်မှုဆန်း စစ်ခြင်း (EIA) |
| အလတ်စားထုတ်လုပ်ခြင်း | ၆၄ (ဆ) | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (EIA) |
| အသေးစားထုတ်လုပ်ခြင်း | ၈၂ (စ) | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) |
| လက်လုပ်လက်စား | ၉၇ (ဂ) | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) |

## *ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း*

၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော ဥပဒေတွင် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း ကို မိတ်ဆက်ထည့်သွင်းထားပြီး ပုဒ်မ ၂(ဈ) (က) "စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိမရှိ ဓာတ်သတ္တုသိုက်ကို စမ်းသပ်တိုင်းတာခြင်းဖြင့် စစ်ဆေးခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ၎င်းတွင် သတ္တုတူးဖော်ခြင်း၊ ဆင့်တက်သန့်စင်ခြင်းနှင့် ဈေးကွက်အခြေအနေတို့ကို သုံးသပ်ခြင်းအပါအဝင် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်ခြင်းများကို စိစစ်ခြင်းတို့ပါဝင်သည်။ " ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း အဆင့်တွင်ထည့်သွင်းထားခြင်းဖြင့် မြန်မာနိုင်ငံအစိုးရနှင့်၎င်း၏ သက်ဆိုင်ရာအဖွဲ့များသည် အဆိုပြုစီမံကိန်း၏ ငွေကြေးဆိုင်ရာအကျိုးကျေးဇူးများနှင့် အနုတ်လက္ခဏာဆောင်သော ထိခိုက်မှုများကို ချိန်ဆဆန်းစစ်သုံးသပ်နိုင်မည်ဖြစ်သည်။ သို့သော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ သတ္တုတွင်းဦးစီးဌာနသို့ကုမ္ပဏီ သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်များတင်ပြလာသော ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းရလဒ်များဖြစ်သည့် အလားအလာပုံစံတိကျမှု၊ အစီအစဉ်များနှင့်လျာထားကုန်ကျစရိတ်များကို တိကျစွာ စီစစ်နိုင်သည့်စွမ်းဆောင်ရည် ရှိမရှိကိုမူ ရှင်းလင်းမှုမရှိပါ။ MCRB ကို ဤလုပ်ငန်း၏ လုပ်ကိုင်သူများပြောပြချက်အရ အစိုးရပိုင်နမူနာပြင်ဆင်ခြင်း ဓာတ်ခွဲခန်းသည် နိုင်ငံတကာအဆင့်မမီသည်ကို တွေ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် နမူနာကောက်ယူမှုနည်းလမ်းကိုအထူးပြု၍ လုပ်ဆောင်သော နည်းပညာဆိုင်ရာ လေ့လာမှုများတွင် အစိုးရတာဝန်ခံများအနေဖြင့် ကုမ္ပဏီ၏ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို စစ်ဆေးရန် လက်လှမ်းမီမှု မရှိသောကြောင့် မှတ်ယူမှုများလွဲမှားနိုင်ခြင်းမျိုး ရှိနိုင်ပါသည်။ ယင်းကဲ့သို့အခြေအနေမျိုးတွင် သတ္တုတွင်းဦးစီးဌာနအနေဖြင့် ကုမ္ပဏီများတင်ပြလာသော ဘူမိဗေဒဆိုင်ရာအချက်အလက်များနှင့်ငွေကြေးတင်ပြမှုများကို အားထားယုံကြည်ရမည့် အခြေအနေဖြစ်သွားပြီး ကုမ္ပဏီနှင့် အစိုးရကြားညှိနှိုင်းမှုများ၏ ရလဒ်ကို အကျိုးသက်ရောက်မှုများရှိနိုင်ပါသည်။

ဖြစ်ပြောက်နိုင်စွမ်း တွက်ချက်သည့်အဆင့်တွင် ဝင်ငွေနှင့်ကုန်ကျစရိတ်သည် ဝင်ငွေခွဲဝေမှုနှင့်အခွန်ကောက်ခံမှုတို့ကို ဆုံးဖြတ်ရန် အဓိကကျသော အချက်များဖြစ်ပါသည်။ ဖြစ်မြောက်နိုင်စွမ်းအဆင့်သည်လည်း ဒေသခံများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မည်သည့်အချိန်တွင် လုပ်ဆောင်သင့်သည်ကိုလည်း ဆုံးဖြတ်ပေးပါသည်။ ယခုအဆင့်တွင် ကျွမ်းကျင်သူများမှအစိုးရကို အကြံပြုပေးခြင်းသည် လွန်စွာအကျိုးရှိမည်ဖြစ်သည်။ အချို့သော တရားစီရင်ပိုင်ခွင့်နယ်များတွင် ကုမ္ပဏီမှမဟုတ်ဘဲ ပြင်ပတစ်သီးပုဂ္ဂလကျွမ်းကျင်သူများ များသောအားဖြင့် သတ္တုတွင်းအင်ဂျင်နီယာများနှင့် ငွေကြေးဆိုင်ရာအထူးပြုသုံးသပ်နိုင်သောစီးပွားရေးပညာရှင်များမှဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများကိုစီမံဆောင်ရွက်ခြင်း သို့မဟုတ် အတည်ပြုခြင်းများလုပ်ဆောင်ပေးရသည်။ စီမံကိန်းအဆင့် EIA ကို ECD အသိအမှတ်ပြု မှတ်ပုံတင်ထားသော အရည်အချင်းပြည့်ဝသည့် တတိယအဖွဲ့အစည်းများမှ လုပ်ကိုင်ရမည်ဖြစ်ပြီး လက်ရှိတွင် ၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော မြန်မာ့သတ္တုတွင်းဥပဒေတွင် ဖြစ်မြောက်နိုင်စွမ်းလေ့လာရန်အတွက် ကျွမ်းကျင်ပညာရှင်များနှင့်ပတ်သက်ပြီး သတ်မှတ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိပါ။ အဆိုပြုနည်းဥပဒေများတွင်လည်း ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပါ။

## လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး

MCRB ကွင်းဆင်းလေ့လာတွေ့ရှိချက်များအရ သတ္တုတူးဖော်ရေးကဏ္ဍ၏ တရားဝင်နှင့်တရားမဝင်လုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးသည် အဓိကပြဿနာတစ်ခုဖြစ်သည်ကို ထုတ်ဖော်တွေ့ရှိထားပါသည်။ (အပိုင်း (၄) ကဏ္ဍအဆင့်သက်ရောက်မှုများနှင့် အပိုင်း (၅.၄) အလုပ်သမားများ တွင် ကြည့်ရန်)။ ဤကဏ္ဍတွင် စည်းမျဉ်းဥပဒေများကို ကြီးကြပ်ခြင်းနှင့်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာစေရန် အရေးတကြီးလိုအပ်ပါသည်။ အထူးသဖြင့် ကျန်းမာရေးနှင့်ဘေးကင်းရေးကို ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာစေရန်အရေးကြီးပြီး တာဝန်ယူမှုရှိစေရန်မှာလည်း ရှင်းလင်းဖို့လိုအပ်ပါသည်။ တရားဥပဒေစိုးမိုးမှု ဆောင်ရွက်မည့်သူများမှာလည်း ပေးဆပ်လုပ်ကိုင်ရန်လိုအပ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် ပြီးပြည့်စုံသည့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေများ လိုအပ်နေပါသည်။ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသည် အလုပ်ရုံများအက်ဥပဒေ အပါအဝင် အလုပ်ကဏ္ဍနှင့်ဆိုင်သော ဥပဒေများတွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်ပါသည်။ ၁၉၉၆ ခုနှစ် သတ္တုတွင်းနည်းဥပဒေတွင် လိုက်နာရမည့် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရေးဆိုင်ရာ စည်းကမ်းချက်များ ပါဝင်ပါသည်။ (အပိုင်း ၅.၄၊ အလုပ်သမား တွင်ကြည့်ရန်)။ သတ္တုတွင်း ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေမူကြမ်းတစ်ခုကို ယခင်သတ္တုတွင်းဝန်ကြီးဌာနက ပြင်ဆင်၍ ယခင်ပါလီမန်ကို တင်ပြခဲ့သည်။ ၎င်းတွင် သတ္တုတူးဖော်ရေးလုပ်ငန်းအတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အချို့ပတ်ဝန်းကျင်ထိခိုက်မှုများပါဝင်ပါသည်။ ယခု အဆိုပြုထားသော ၂၀၁၈ ခုနှစ် သတ္တုတွင်းနည်းဥပဒေ အခန်း ၂၈ နှင့် ၂၉ တွင် ၎င်းစည်းကမ်းချက်များ ထည့်သွင်းထားခြင်းရှိ မရှိကိုမူ ရှင်းလင်းခြင်းမရှိပါ။ [129]

သတ္တုတူးဖော်ခြင်းလုပ်ငန်းကဏ္ဍအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို တာဝန်ယူမှုရှိမရှိစစ်ဆေးရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ EIA လုပ်ထုံးလုပ်နည်းကိုမိတ်ဆက်လိုက်သောကြောင့် ပိုမိုရှုပ်ထွေးမှုများရှိလာပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ယူမှုများသည် ရှင်းလင်းမှုမရှိဘဲ တစ်ခုနှင့်တစ်ခု ထပ်နေပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ဖက်ဒရယ်ဝါဒဆိုင်ရာများကို NRGI ၏အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။[130]

129 MCRB ၏ တွေ့ဆုံမေးမြန်းချက်များ ၂၀၁၆ ခုနှစ်။ MCRB မှ မူကြမ်းအစိတ်အပိုင်းတစ်ချို့ကို မြင်တွေ့ပြီးဖြစ်သည်။

130 သဘာဝအရင်းမြစ်များ ဖယ်ဒရယ်မူ၊ မြန်မာနိုင်ငံတွက် သုံးသပ်ရန်များ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ NRGI။

## *လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (OSH) မူကြမ်း*

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (OSH) မူကြမ်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) အတွင်း နှစ်ပေါင်းအတန်ကြာပြင်ဆင်ခဲ့ရပြီး ၂၀၁၇ ခုနှစ်တွင် ပါလီမန်သို့ တင်ပြခဲ့ပါသည်။[131] အချိန်ကာလအရ မည်သို့ဖြစ်လာမည်ကိုမူ သေချာမှုမရှိပါ။ ဥပဒေကြမ်း၏ အပိုဒ် (၄) တွင် သတ္တုတူးဖော်ခြင်း၊ ကျောက်မျက်ရတနာရှာဖွေခြင်းတို့နှင့်ဆိုင်သော လုပ်ငန်းစဉ်များကို ပြုပြင်မွမ်းမံခြင်း အပါအဝင် ပြည်သူပိုင်နှင့်ပုဂ္ဂလိက ကဏ္ဍများအားလုံးပါဝင်ပါသည်။ ၎င်းတွင် အဖွဲ့နှစ်ဖွဲ့နှင့်သက်ဆိုင်သောစနစ်ဟု ခေါ်သည့် အလုပ်ရှင်၊ အလုပ်သမားနှစ်ဖွဲ့လုံးမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ပူးပေါင်းတာဝန်ယူသည့်စနစ် ချဉ်းကပ်ပုံမျိုးကိုပေါ်လွင်အောင် ပြောင်းလဲထည့်သွင်းထားပါသည်။ အစိုးရအနေဖြင့် လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှုများကို ကြီးကြပ်ရပါသည်။

**အဆိုပြု ဥပဒေမူကြမ်းတွင် အဓိက ဥပဒေ (၃) ခုပါဝင်သည်။**

- အဖွဲ့သုံးဖွဲ့ သုံးပွင့်ဆိုင်ဆွေးနွေးနိုင်ရန် အမျိုးသားအဆင့် OSH ကောင်စီဖွဲ့စည်းပြီး ဆုံးဖြတ်ချက်များကို အမျိုးသားအဆင့် သဘောတူလက်ခံနိုင်ခြင်း။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီကို ညီမျှသည့် အလုပ်သမားနှင့်အလုပ်ရှင်ကိုယ်စား လှယ်အရေအတွက်ဖြင့် ဖွဲ့စည်းခြင်း။ ထိုကော်မတီသည် လုပ်ငန်းခွင်အတွင်း အမျိုးသားအဆင့် OSH မူဝါဒများ အကောင်အထည်ဖော်ဆောင်ရန် တိုက်ရိုက်တာဝန်ရှိသည်။
- အလုပ်ရှင်နှင့်အလုပ်သမားကိုယ်စားလှယ်များကို နည်းပညာဆိုင်ရာပံ့ပိုးမှုများပေးနိုင်ရန် အရည်အချင်း ပြည့်ဝသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိ ခန့်အပ်ခြင်း။

**သို့သော် ထိုအဆိုပြုဥပဒေမူကြမ်းကို အောက်ပါအချက်များထည့်သွင်းပြီး ပိုမိုပြည့်စုံအောင် ပြုလုပ်နိုင်ပါသည်။**

- စီးပွားရေးလုပ်ငန်းတစ်ခု မစတင်မီ သို့မဟုတ် အဆင့်အမျိုးမျိုးမလုပ်ဆောင်မီ ဥပမာ အဆောက်အအုံ အသစ်တည်ဆောက်ခြင်း သို့မဟုတ် စက်ပစ္စည်းတပ်ဆင်ခြင်းအတွက် ညွှန်ကြားရေးမှူးချုပ်မှ ထောက်ခံချက်ရရှိရန် အဆိုပြုထားသည့် လိုအပ်ချက်များသည် စီမံခန့်ခွဲမှုဆိုင်ရာအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး EIA ကဲ့သို့ အခြားသော သဘောတူထောက်ခံချက် လုပ်ငန်းစဉ်များနှင့် ထပ်နိုင်သည်။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိများနှင့် ဝန်ကြီးဌာနတို့အကြား အစီရင်ခံစာတင်ပြ ခြင်းလုပ်ငန်းစဉ်မှာ ဒွိဟဖြစ်စေသည်။ ထို့ကြောင့် ကုမ္ပဏီ၏အမြင့်ဆုံး စီမံခန့်ခွဲမှုအုပ်ချုပ်ရေးအဖွဲ့မှ ဘေးန္တရာယ်ကင်းရှင်းမှုဆောင်ရွက်ခြင်း အလေ့အထကို တည်ဆောက်ခြင်း ၎င်းကိုတာဝန်ယူခြင်း စသည်များရှိစေရေး တွန်းအားပေးရန်လိုအပ်ပါသည်။
- ယခု OSH ဥပဒေမူကြမ်းသည် အဖွဲ့အစည်းများ၊ သက်ဆိုင်သည့်အာဏာပိုင်များနှင့်အလုပ်သမားများ မိမိတို့ရင်ဆိုင်ရနိုင်ဖွယ်ရှိသော လုပ်ငန်းခွင် ဘေးအန္တရာယ်နှင့်ကျန်းမာရေးများကို ထုတ်ဖော်၊ ဆန်းစစ်၊ နားလည်နိုင်သော အန္တရာယ်ဖြစ်နိုင်မှုကို အခြေခံသည့်ချဉ်းကပ်မှုကို လက်ခံကျင့်သုံးနိုင်ပြီး အန္တရာယ်ဖြစ်စေနိုင်သည့် အဆင့်အပေါ်မူတည်၍ လျော့ပေါ့စေသည့် အစီအမံများလုပ်ဆောင်နိုင်သည်။ ထို့နောက် ၎င်းမှထွက်ပေါ်လာသော ရလဒ်များကို တာဝန်ယူရမည်။[132]

---

131 ၂၀၁၇ ခုနှစ်တွင် ပါလီမန်သို့တင်ပြခဲ့သော လုပ်ငန်းခွင်ဘေးကင်းရေးနှင့်ကျန်းမာရေ ဥပဒေမူကြမ်း (မြန်မာဘာသာ)။

132 MCRB နှင့် ဩစတြေးလျ chamber တွေ့ဆုံပွဲမှ OSH ဥပဒေ အသစ် အပေါ်ဝေဖန်ချက်များ။ နိုဝင်ဘာလ ၃ ရက် ၂၀၁၇။

OSH ဥပဒေသည် ကဏ္ဍအလိုက် ကျင့်သုံးရမည့် OSH နည်းဥပဒေများကို မိတ်ဆက်ပေးပါသည်။ သတ္တုတွင်း ဥပဒေနှင့် နည်းဥပဒေအကြား ဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေများ ရှေ့နောက်ကိုက်ညီနေစေရန် အဆိုပြုထားသော ၂၀၁၈ ခုနှစ် သတ္တုတွင်းနည်းဥပဒေမှ OSH ဥပဒေများကို ကောက်နုတ်ရန် အကြံပြုနိုင်ပြီး ကဏ္ဍတစ်ခုစီအတွက် လက်ခံကျင့်သုံးနိုင်သည်။ လက်ခံကျင့်သုံးချိန်တွင် အခြားကဏ္ဍများ၏ OSH ဥပဒေများနှင့်လည်း ညှိနှိုင်းကိုက်ညီအောင်ဆောင်ရွက်နိုင်သည်။ BGR ၏ လမ်းညွှန်ချက်များကို (အပိုင်း ၄ ကို ကြည့်ပါ) သီးခြားသတ္တုတွင်း OSH နည်းဥပဒေများ သို့မဟုတ် အသေးစိတ် အမိန့်ကြော်ငြာစာများနှင့် ပေါင်းစပ်အသုံးပြုနိုင်သည်။

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ (၂၀၁၅)

၂၀၁၅ ခုနှစ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ အပိုဒ် ၅ သည် သတ္တုတွင်းကဏ္ဍနှင့်သင့်လျော်ကိုက်ညီပါသည်။ ၎င်းတွင် ဌာနေတိုင်းရင်းသား ဟုဖော်ပြထားပြီး ၎င်းတို့၏နေရာတွင် လုပ်ဆောင်မည့် တွင်းထွက်တူးဖော်သည့်စီမံကိန်းများ၊ အခြားစီးပွားရေးလုပ်ငန်းများ အကောင်အထည်မဖော်ဆောင်မီ စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်အသိပေးရမည်ဟု ဖော်ပြထားသည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် အဖွဲ့များ၊ အစိုးရ/ကုမ္ပဏီများအကြား ညှိနှိုင်းမှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။[133] သို့သော် ဥပဒေ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ဌာနေတိုင်းရင်းသားဟု ဖွင့်ဆိုထားခြင်းမရှိပါ။ ထို့ကြောင့် ဤပြဿနာနှင့် အခြားပြဿနာများကို လက်ရှိရေးဆွဲလျက်ရှိသည့် နည်းဥပဒေ (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ရေးဆွဲလျက်ရှိသည်) တွင် ထည့်သွင်း ဖြေရှင်းရန်လိုအပ်သည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့်နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

မြန်မာနိုင်ငံရှိ သတ္တုတွင်းကဏ္ဍ၏ ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်စောင့်ရှောက်မှုကို သတ္တုတွင်းဥပဒေပါ စည်း မျဉ်းများ၊ ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ရေ၊ လယ်ယာမြေ၊ သစ်တောနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများကဲ့သို့ ကဏ္ဍနှင့်ဆက်စပ်သည့် ဥပဒေများနှင့်ပေါင်းစပ်၍ စည်းကမ်းလိုက်နာစေသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ[134]သည် EIA (EIA နှင့် SIA ဟု ရည်ညွှန်းသည်) အတွက် လုပ်ဆောင်ရမည်များကို သတ်မှတ်ပေးပါသည်။ ၂၀၁၄ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်း ဥပဒေ[135] ဖြည့်စွက်ချက်များတွင် 'ESIA' (sic) အတွက် လုပ်ဆောင်ရမည်များကို ထပ်မံဖော်ပြထားပြီး ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ[136] တွင် အသေးစိတ်ဖော်ပြထားထားပြီး 'EIA' ဟု ရည်ညွှန်းပါသည်။[137]

အပိုဒ် ၂ (ဇ) ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် "ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု"တွင် လူမှုရေးထိခိုက်မှုများပါဝင်သည်ဟု ရှင်းလင်းဖော်ပြထားပါသည်။ ၎င်းတွင် ဆန္ဒမပါသောနေရာပြောင်းရွှေ့မှုနှင့် ဌာနေ တိုင်းရင်းသားများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ လည်းပါဝင်သည်။ အပိုဒ် ၂ (ဆ) တွင် 'ဆိုးကျိုးသက်ရောက်မှု' ကို စီမံကိန်းအဆိုပြုသူ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကြောင့်ဖြစ်စေ၊ စီမံကိန်းကို ဒီဇိုင်းရေးဆွဲခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ တည်ဆောက်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ထိန်းသိမ်းခြင်း၊ လည်ပတ်လုပ်ကိုင်ခြင်း

133 ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးများနှင့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၊ MCRB ၏ အကျဉ်းချုပ် စီးပွားရေးအစီရင် ခံစာ။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ။

134 ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ

135 ၂၀၁၄ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ


136 ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

137 မြန်မာစည်းမျဉ်းဥပဒေများတွင် အခေါ်အဝေါ်များအပြား သုံးထားသည် ဥပမာ - EIA EIA/SIA, or ESIA ။ MONREC သည် EIA ဟူ သည့်အခေါ်အဝေါ်ကို အသုံးပြုရန် ပိုနှစ်သက်ပြီး EIA လုပ်ထုံးလုပ်နည်းတွင် ဖော်ပြထားသောအချက်များကို အလေးထားရန်ဖြစ်ကြောင်း MCRB ကို ရှင်းပြခဲ့သည်။ ဥပမာ - လူမှုရေးနှင့်ကျန်းမာရေးသက်ရောက်မှုများလည်း ပါဝင်သည်။ ထို့ကြောင့် SWIA အနေဖြင့် အခြားအကြောင်းအရာများမရှိလျှင် EIA ဆိုသာ အသုံးအနှုန်းကိုသာ အသုံးပြုသွားပါမည်။

သို့မဟုတ် ရပ်စဲခြင်းကြောင့်ဖြစ်စေ၊ ယင်းတို့နှင့်သက်ဆိုင်သည့် အခြားလုပ်ဆောင်မှုတစ်ခုခုကြောင့် ဖြစ်စေ တစ်နည်းနည်းဖြင့် ပေါ်ပေါက်သည့်ပတ်ဝန်းကျင်၊ လူမှုရေး၊ လူမှုစီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် လုပ်ငန်းခွင်ကျန်းမာရေးနှင့် အများပြည်သူကျန်းမာရေး သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု သို့မဟုတ် ပတ်ဝန်းကျင်၊ တောရိုင်းတိရ စ္ဆာန်နှင့် သဘာဝအပင်များအပါအဝင် လူပုဂ္ဂိုလ်၊ ဂေဟစနစ် သို့မဟုတ် သဘာဝအရင်းအမြစ်တစ်ခုခုကို အတိုင်းအတာအထိ ထိခိုက်စေမှုဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဤလုပ်ထုံးလုပ်နည်းသည် ဆက်စပ်သက်ရောက်မှုများအား ဖြေရှင်းလုပ်ဆောင်ရမည်များကိုလည်း ဖော်ပြထားပါသည်။

စီမံကိန်းလုပ်ဆောင်မည့်နေရာတွင် ဆန်းစစ်မှု တစ်မျိုးမျိုးကို လုပ်ဆောင်ရန်လိုအပ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် အရည်အသွေးရှိသော အတိုင်ပင်ခံဖြင့် EIA အ ပြည့်အစုံကို သော်လည်းကောင်း သက်ရောက်မှုနည်းသော လုပ်ငန်းများတွင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) တို့ကိုလည်းကောင်း ရေးဆွဲရမည်။ IEE တွင် EIA ကဲ့သို့ ကနဦး နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းကို လုပ်ဆောင်ခြင်းမရှိပါ။ ရှိပါက အတူတူပင်ဖြစ်ပေမည်။ မည်သည့်တစ်ခုပင်ဖြစ်စေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို သက်ရောက်မှုများ လျော့ကျစေရန် လုပ်ဆောင်ရမည်။ ၎င်းအစီအစဉ်သည် စီမံကိန်းအဆိုပြုသူ (ကုမ္ပဏီ)၏ စာချုပ်ကတိကဝတ်တစ်ခု ဖြစ်လာမည်ဖြစ်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန MONREC မှ အတည်ပြုရပါမည်။ ၎င်းအဆင့်ပြီးနောက် ECD မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလိုက် နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ကို ထုတ်ပေးမည်ဖြစ်ပြီး စီမံကိန်းကို လိုက်နာမှုရှိ/မရှိ စောင့်ကြပ် ကြည့်ရှုသွားမည်ဖြစ်သည်။ (အပိုင်း ၅-၇၊ ပတ်ဝန်းကျင် နှင့်ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ ကိုကြည့်ပါ)။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (ဇာယားကွက် ၄ တွင်ကြည့်ပါ) ၏ နောက်ဆက်တွဲ (၁) တွင် သတ္တုတူးဖော်ရေး စီမံကိန်းများအတွက် IEE သို့မဟုတ် EIA ကို ပြင်ဆင်ရမည်ဖြစ်ပြီး သေးသော စီမံကိန်းများသည်ပင် ပတ်ဝန်းကျင်အား ထိခိုက်လွယ်သောနေရာများတွင် တည်ရှိပါက EIA လုပ်ဆောင်ခြင်း လိုအပ်မည်ဖြစ်သည်ဟု ဥပဒေတွင်ဖော်ပြထားပါသည်။ (အပိုဒ် - ၂၅) ။ ၎င်းသတ္တုတူးဖော်မှုအရွယ်အစား သတ်မှတ်မှုကို ယခင် ဝန်ကြီးဌာနနှစ်ခုအကြား ၂၀၁၅ ခုနှစ်တွင် ပြင်းပြင်းထန်ထန် အချေအတင် ဆွေးနွေးခဲ့ကြသည်။ ၂၀၁၈ ခုနှစ် သတ္တုတွင်းနည်း ဥပဒေမူကြမ်း (ဇယား ၃) ပါ ဖော်ပြချက်များသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိပါ။




ပုံ (၂)၊ သတ္တုတွင်းလုပ်ငန်း လုပ်ကိုင်ရသည့် လုပ်ငန်းစဉ်တစ်လျှောက်တွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုများဆန်းစစ်ခြင်း။ [138]

138 သတ္တုတူးဖော်ခြင်းနှင့်ပတ်ဝန်းကျင် - Spitz and Trudinger (2009) မှ ကောက်နုတ်ထားသည်။

**ဇယား ၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ (၁) (တွင်းထွက်)၊ သတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအမျိုးအစားသတ်မှတ်ခြင်း။**

| | **စီးပွားရေးလုပ်ငန်းအမျိုးအစားများ** | **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) ပြုလုပ်ရန် စံနှုန်းများ (အရွယ်အစား)** | **ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) ပြုလုပ်ရန် စံနှုန်းများ (အရွယ်အစား)** |
|---|---|---|---|
| ၁၃၂ | မြစ် သို့မဟုတ် ပင်လယ်မှ ကျောက်၊ ကျောက်စရစ်၊ သဲများ ထုတ်ယူခြင်းလုပ်ငန်း | တစ်နှစ်လျှင် ကုဗမီတာ ၁၀၀၀ နှင့်အထက် ကုဗမီတာ ၅၀ ၀၀၀ အောက် | တစ်နှစ်လျှင် ကုဗမီတာ ၅၀ ၀၀၀ နှင့်အထက် |
| ၁၃၃ | ဆောက်လုပ်ရေး၊ အဆောက်အဦးတည်ဆောက်ရေးနှင့် ကြွေထည်မြေထည်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း (ထုံးကျောက်၊ သင်ပုန်း ကျောက်၊ ရွံ့စေး၊ စကျင်ကျောက်၊ မျော ကျောက်၊ သဲကျောက်၊ လိပ်သဲကျောက် (နမ်းဖတ်ကျောက်)၊ မြေစေးဖြူ၊ bentonite၊ သလင်းကျောက်နှင့် quartzite များ ထုတ်ယူခြင်း) | ထုတ်လုပ်ဧရိယာ ဧက ၂၀၀ အောက်နှင့် တစ်နှစ်လျှင် သတ္တုရိုင်း တန်ချိန် ၁၀၀၀၀၀ အောက် | ထုတ်လုပ်မှုဧရိယာ ဧက ၂၀၀ နှင့် အထက် သို့မဟုတ် တစ်နှစ်လျှင် သတ္တုရိုင်း တန်ချိန် ၁၀၀ ၀၀၀ နှင့်အထက် |
| ၁၃၄ | စက်မှုတွင်းထွက်ကုန်ကြမ်း (Industrial Mineral) တူးဖော်ထုတ်လုပ်ခြင်းနှင့်သန့် စင်ခြင်းလုပ်ငန်း (ဘရိုက်တီး၊ ဖလိုရိုက်၊ မီးစုန်း (ဖော့စဖိတ်)၊ ဓာတ်ဆား၊ ဆား၊ soda ash, ကျောက်ဂွမ်း) | ထုတ်လုပ်ဧရိယာ ဧက ၂၀၀ အောက်နှင့် တစ် နှစ်လျှင် သတ္တုရိုင်း တန်ချိန် ၁၀၀ ၀၀၀ အောက် | ထုတ်လုပ်ဧရိယာ ဧက ၂၀၀ နှင့်အထက် သို့မဟုတ် တစ်နှစ်လျှင် သတ္တုရိုင်းတန်ချိန် ၁၀၀ ၀၀၀ နှင့်အထက် |
| ၁၃၅ | သံသတ္တု၊ သံမဟုတ်သော သတ္တုနှင့် ရွှေမှအပ အခြားအဖိုးတန်သတ္တုများ ထုတ်လုပ်ခြင်းလုပ်ငန်း (သံ၊ မီးခိုးရောင် သတ္တုဒြပ်စင် မန်ဂနီးစ်၊ ငွေ၊ ကြေးနီ၊ သံ ဖြူ၊ ခနောက်စိမ်း၊ ခဲ၊ နီကယ်၊ သွပ်၊ ခရိုမီယမ်၊ ဘောက်ဆိုက်နှင့် အဖိုးတန် ကျောက်များ) | ဧရိယာ ဧက ၅၀ အောက်နှင့် တစ်နှစ်လျှင် ထုတ်လုပ်မှု တန်ချိန် ၅၀ ၀၀၀ အောက် | ဧရိယာ ဧက ၅၀ နှင့် အထက် သို့မဟုတ် တစ်နှစ်လျှင် ထုတ်လုပ်မှု တန်ချိန် ၅၀ ၀၀၀ နှင့်အထက် |
| ၁၃၆ | ဘေးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်း များသုံးစွဲခြင်းမပြုဘဲ တွင်းထွက်သတ္တုရိုင်းများ ပြုပြင်သန့်စင်ခြင်း လုပ်ငန်း | ၁ နှစ်လျှင် ထုတ်လုပ်မှု တန်ချိန် ၅၀ ၀၀၀ အောက် | ၁ နှစ်လျှင် ထုတ်လုပ်မှု တန်ချိန် ၅၀ ၀၀၀ နှင့်အထက် |
| ၁၃၇ | ဘေးအန္တရာယ်ဖြစ်သော ဓာတုပစ္စည်းများ အသုံးပြု၍ တွင်းထွက်သတ္တုရိုင်းများ ပြုပြင်သန့်စင်ခြင်းလုပ်ငန်း။ | ၁ နှစ်လျှင် ထုတ်လုပ်မှု တန်ချိန် ၂၅ ၀၀၀ အောက် | ၁ နှစ်လျှင် ထုတ်လုပ်မှု တန်ချိန် ၂၅ ၀၀၀ နှင့် အထက် |
| ၁၃၈ | ဘေးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်း သုံးစွဲခြင်းမပြုဘဲ ရွှေသတ္တုရိုင်းများ ထုတ်လုပ်ခြင်းနှင့် ပြုပြင်သန့်စင်ခြင်းလုပ်ငန်း | လုပ်ငန်းဧရိယာ ဧက ၂၀ နှင့် အောက် | လုပ်ငန်းဧရိယာ ဧက ၂၀ အထက် |
| ၁၃၉ | ဘေးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများ အသုံးပြု၍ ရွှေသတ္တုရိုင်းများ ထုတ်လုပ်ခြင်းနှင့် ပြုပြင်သန့်စင်ခြင်းလုပ်ငန်း | လုပ်ငန်းဧရိယာ ဧက ၂၀ နှင့် အောက်နှင့် ၁ နှစ်လျှင် ထုတ်လုပ်မှုတန်ချိန် ၂၅ ၀၀၀ အောက် | လုပ်ငန်းဧရိယာ ဧက ၂၀ အထက် သို့မဟုတ် ၁ နှစ် လျှင် ထုတ်လုပ်မှုတန်ချိန် ၂၅ ၀၀၀ နှင့်အထက် |

| | | | |
|---|---|---|---|
| ၁၄၀ | အပေါ်ယံမြေလွှာနှင့်မြေအောက်မှ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း | တစ်နှစ်လျှင် ကျောက်မီးသွေး ထုတ်လုပ်မှု တန်ချိန် ၁၀၀ ၀၀၀ အောက် | တစ်နှစ်လျှင် ကျောက်မီးသွေးထုတ်လုပ်မှု တန် ၁၀၀ ၀၀၀ နှင့်အထက် |
| ၁၄၁ | တွင်းထွက်သဲတူးဖော်ခြင်း အပါအဝင် သတ္တုတူးဖော်ခြင်းလုပ်ငန်း (သဲကြွပ်၊ limonite, ဂေါ်မိတ်၊ တိုင်တေနီယမ်၊ monazite) | ၁ နှစ်လျှင် ထုတ်လုပ်မှု ကုဗမီတာ ၁၀၀၀ နှင့်အထက် ကုဗမီတာ ၅၀ ၀၀၀ အောက် | ၁ နှစ်လျှင် ထုတ်လုပ်မှု ကုဗမီတာ ၅၀ ၀၀၀ နှင့် အထက် |

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏နောက်ဆက်တွဲ (၁) ကို အောက်ပါအတိုင်း ပြင်ဆင်ရန်လိုအပ်ပါသည်။**

- စဉ်များအတွင်း (ရေနံနှင့်သဘာဝဓာတ်ငွေ့အတွက် လုပ်ဆောင်သကဲ့သို့) အဆင့်များကို ခွဲခြားပါ။ သတ္တုတွင်းလုပ်ငန်းစဉ်များ အဆင့်တစ်ခုစီ၏ ထိခိုက်မှုများသည် မတူညီပါ။ **EIA အပြည့်အစုံပြုလုပ်ရန် လိုအပ်မည် မဟုတ်ဘဲ ယေဘုယျအားဖြင့် အကြံပြုဖြစ်မြောက်နိုင်စွမ်း/ဖြစ်မြောက်နိုင်စွမ်းပြုလုပ်ချိန် (ပုံ-၂) တွင်သာ ပြုလုပ်စေခြင်း။**
- ကျိုးကြောင်းမညီညွတ်သော ကန့်သတ်ချက်များကို ကိုင်တွယ်ဖြေရှင်းရမည်။ ဥပမာအားဖြင့် ၂၀ ဧကအောက်နည်းသော ရွှေလုပ်ကွက်များအတွက် IEE လုပ်ဆောင်စေခြင်း၊ ထို့အပြင် လက်လုပ်လက်စားလုပ်ငန်းများကိုလည်း IEE လုပ် ဆောင်စေခြင်းမျိုးကို ဖြေရှင်းရန်လိုအပ်ခြင်း။
- စီမံကိန်းအရွယ်အစားနှင့်စပ်လျဉ်း၍ အမှားများပြင်ဆင်ရမည်။

**ထို့အပြင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၏နောက်ဆက်တွဲ (၁) ပါ လုပ်ကွက်အရွယ်အစားနှင့်သတ္တုတွင်းနည်းဥပဒေတို့သည် ပိုမို ဆီလျော်မှုရှိပါက အသုံးဝင်မည်ဖြစ်သည်။**

## လုပ်ငန်းဆောင်ရွက်ဆဲ သတ္တုတူးဖော်ရေးစီမံကိန်းများ

၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းသည် လုပ်ငန်းဆောင်ရွက် ဆဲစီမံကိန်းများအတွက်လည်း အကျုံးဝင်ပါသည်။ ၎င်းတွင် ကွင်းဆင်းဆန်းစစ်ခြင်းအပါအဝင် ပတ်ဝန်းကျင်ဆိုင် ရာလိုက်နာဆောင်ရွက်မှုကို စိစစ်ခြင်းများ လုပ်ဆောင်ရန် လိုအပ်ပြီး စီမံကိန်းကြောင့်ထိခိုက်မှုများအပေါ် ပူပန်မှု များအားဖော်ထုတ်ကာ ၎င်းကို IEE သို့မဟုတ် EIA လုပ်ဆောင်ရန် လို၊ မလိုကို ဆုံးဖြတ်ရမည်။ (အပိုဒ် ၈)။ ဇယား (၁) တွင် ဖော်ပြထားချက်အရ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သတ္တုတူးဖော်ရေးလိုင်စင် ၁၄၅၀ ကို ထုတ်ပေးထားသည်။ ၂၀၁၇ ခုနှစ် မေလ ၃၁ ရက်နေ့အထိ ECD သည် သတ္တုတွင်းကဏ္ဍမှ EIA ၃၉ ခု၊ IEE ၃၁၆ ခုနှင့် EMP ၁၆၉၃ ခု စုစုပေါင်း (၂၀၄၈) ခုကို လက်ခံရရှိထားပြီးဖြစ်သည်။[139] EMP အတွက် သတ္တုတွင်းဦးစီးဌာနက ဦးစီးပြင်ဆင်ထားသော template ပုံစံအား ဖြည့်သွင်းတင်ပြခဲ့ခြင်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှုမရှိပါ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ကြီးသည် သတ္တုတွင်းနှင့် သဘာဝပတ်ဝန်းကျင်နှစ်ခု စလုံးအတွက်တာဝန်ရှိပြီး ဧက ၅၀ အထက်ရှိသော သတ္တုတွင်းများကို လုပ်ထုံးလုပ်နည်း၏ အပိုဒ် (၈) နှင့်အညီ ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးခြင်းများလုပ်ဆောင်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်ဟု နားလည်ထားကြသည်။[140]

139 ၂၀၁၇ ခုနှစ် ဖွန်လ ၁၂ ရက်နေ့ MCRB ၏ စီစဉ်မှုဖြင့် ကျင်းပခဲ့သော ပတ်ဝန်းကျင်ဆိုင်ရာ working group ကို ECD မှ တင်ပြခဲ့သော presentation။
140 ECD နှင့်ဆက်သွယ်မေးမြန်းခြင်းများ။ မတ်လ ၂၀၁၇။

## အများပြည်သူပူးပေါင်းပါဝင်ခြင်းနှင့် ထုတ်ဖော်ကြေညာခြင်း

၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (IEE အတွက် အပိုဒ် ၃၈၊ EIA အတွက် အပိုဒ် (၆၅) အရ စီမံကိန်းအဆိုပြုသူများ၊ ကုမ္ပဏီများ သို့မဟုတ် ဝန်ဆောင်မှုပေးသောအဖွဲ့အစည်းက EIA အစီရင်ခံစာကို ECD သို့ တင်ပြပြီး ၁၅ ရက်အတွင်း ထုတ်ဖော်ရမည်။ ရည်ရွယ်ချက်မှာ အရပ်ဖက်အဖွဲ့အစည်းများ၊ စီမံကိန်းကြောင့်ထိခိုက်ခံရသူများ၊ ဒေသခံ ရပ်ရွာအသိုင်းအဝိုင်းများနှင့် အခြားသက်ဆိုင်သော ပတ်သက်ဆက်နွယ်သူများ သိရှိစေရန် (၁) EIA ကို စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ website ပေါ်တွင် ထုတ်ဖော်ကြေညာခြင်း (၂) ပြည်တွင်းမီဒီယာများမှတဆင့် ဆက်သွယ် ထုတ်ဖော်ခြင်းကြေညာခြင်း(ဥပမာ - သတင်းစာတွင် ထုတ်ဖော်ခြင်း) (၃) အများပြည်သူနှင့်ဆိုင်သောနေရာများ (ဥပမာ - စာကြည့်တိုက်များ ၊ အများပြည်သူနှင့်ဆိုင်သောခန်းမများ)၊ (၄) စီမံကိန်းအဆိုပြုသူ၏ ရုံးခန်းတွင်ထားရှိ ထုတ်ဖော်ခြင်းတို့ဖြင့် အများပြည်သူသိရှိစေရန် လုပ်ဆောင်ထားရမည်။ EIA လုပ်ထုံးလုပ်နည်းအရ ECD မှလည်း အစီရင်ခံစာရရှိသည့်အချိန်တွင် အများပြည်သူ သိရှိနိုင်အောင် ထုတ်ဖော်ကြေညာခြင်းလုပ်ဆောင်ပေးရမည်။

EIA လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခဲ့ခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ပတ်ဝန်းကျင်အခြေအနေနှင့်လူမှုရေးဆိုင်ရာတာဝန်ယူမှုများ တိုးတက်လာစေရန် အရေးကြီးသည့်ခြေလှမ်းတစ်ရပ်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၏ သတ္တုတွင်းကဏ္ဍတွင် ယခု EIA လုပ်ထုံးလုပ်နည်းကို အကောင်အထည်ဖော် လိုက်နာစေရန် အခက်အခဲများစွာရှိသည်။ (အပိုင်း (၄)၊ ကဏ္ဍတစ်ခုလုံးအဆင့် ထိခိုက်မှုများ နှင့် အပိုင်း (၅-၇) ပတ်ဝန်းကျင်နှင့် ဂေဟစနစ် ဝန်ဆောင်မှုများကို ကြည့်ရန်)။ သတ္တုကဏ္ဍအတွက် ကဏ္ဍအလိုက်သီးသန့် လမ်းညွှန်ချက်များ ရေးဆွဲခြင်းဖြင့် ဤ EIA လုပ်ထုံးလုပ်နည်းမှာ ပိုမိုပြည့်စုံပြီး စီမံကိန်းအဆိုပြုသူနှင့် ၎င်းတို့၏အကြံပေးများ(consultants)အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ထားသည်။

EIA လုပ်ထုံးလုပ်နည်းကို အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် တစ်ချိန်တည်းပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။[141] ထိုလမ်းညွှန်ချက်များသည် နိုင်ငံတကာ (IFC) ငွေကြေးရန်ပုံငွေအဖွဲ့မှသတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်ချက်များကို အခြေခံထားပြီး သတ္တုတွင်းကဏ္ဍကို အထူးပြုသည့် ခွင့်ပြုနိုင်သော ထုတ်လွှတ်မှုလမ်းညွှန်ချက်များပါဝင်သည်။ လမ်းညွှန်ချက်များသည် ဆူညံသံနှင့်တုန်ခါမှုကို ထိန်းချုပ်သည့် အခြေခံသဘောတရားများကို ဖော်ပြထားပြီး လေနှင့်ထုတ်လွှတ်မှု၊ ရေဆိုးများထုတ်လွှတ်မှုကို လက်ရှိနည်း ပညာများနှင့်သင့်တင့်သော ကုန်ကျစရိတ်များဖြင့် လုပ်ဆောင်ရန် ဖော်ပြထားသည်။[142] ပတ်ဝန်းကျင်ဆိုင်ရာ နည်းဥပဒေများကို အပိုင်း ၅-၇ တွင် အသေးစိတ်ထပ်မံဖော်ပြထားပါသည်။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ

အောက်တိုဘာလ ၂၀၁၆ ခုနှစ်တွင် အစိုးရမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ထုတ်ပြန်ခဲ့ပြီး[143] ယခင် ၂၀၁၂ ခုနှစ်မှ ထုတ်ပြန်ခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ[144]ကို အစားထိုးခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ[145] ကို နိုင်ငံခြားနှင့် နိုင်ငံသား/ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေတစ်ခုတည်းအဖြစ် ပေါင်းစည်းလိုက်ခြင်းဖြစ်သည်။ မတ်လ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေကို

141 ၂၀၁၆ ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

142 VDB - လုပ်ငန်းရှင်များအား သတိပေးခြင်း - ထုတ်ပြန်ထားသည့် ထုတ်လွှတ်မှု လမ်းညွှန်ချက်များ။

143 VDB - လုပ်ငန်းရှင်များအတွက် အကျဉ်းချုပ်မှတ်ချက် - မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တွင် မည်သည့် လုပ်ထုံးလုပ်နည်းများ ပြောင်း လဲခဲ့သနည်း။ အောက်တိုဘာလ (၈) ရက်၊ ၂၀၁၆

144 ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ။

145 ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ။

ထုတ်ပြန်ခဲ့သည်။[146] ဥပဒေနှင့်နည်းဥပဒေသစ်များသည် ၂၀၁၂ ခုနှစ်မှ ထုတ်ပြန်ခဲ့သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အောက်ဖော်ပြပါ အချက်များကို ပြောင်းလဲမှုများပြုခဲ့သည်။

- **MIC ခွင့်ပြုမိန့် အပြည့်အစုံ အစား "ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့်" လုပ်ငန်းစဉ်ကို ထည့်သွင်းမိတ်ဆက်ထားခြင်း။** ခွင့်ပြုမိန့်ကို နည်းလမ်းနှစ်မျိုးဖြင့် ရရှိနိုင်သည်။ တစ်မျိုးမှာ 'MIC ခွင့်ပြုမိန် အပြည့်အစုံ နှင့်အခြားတစ်ခုမှာ မြေအသုံးချမှု ခွင့်ပြုမိန့်အတွက် သဘောတူညီချက် သို့မဟုတ် 'ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့်' တို့ဖြစ်ပါသည်။ ဒုတိယလုပ်ငန်းစဉ်သည် ပိုမိုမြန်ဆန်သော လုပ်ငန်းစဉ်ဟု ထင်မြင်ယူဆကြသည်။ 'MIC ခွင့်ပြုမိန့်အပြည့်အဝ' သည် အရွယ်အစား ကြီးမားပြီး မဟာဗျူဟာကျသော သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ ထိခိုက်မှုများဖြစ်စေနိုင်သော စီမံကိန်းများအတွက် ရယူရန် လိုအပ်သည်။ (အပိုဒ် ၃၆ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (MIL)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (MIR) တွင် ထပ်မံထည့်သွင်းရှင်းပြထားပါသည်။
- **ယခုဥပဒေသည် ရင်းနှီးမြှုပ်နှံမည့်သူအားလုံးနှင့် အကျုံးဝင်သည်။** ၂၀၁၂ ခုနှစ် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေသည် MIC ခွင့်ပြုမိန့်ကိုင်ဆောင်ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်သာ အကျုံးဝင်ပါသည်။ ဥပဒေသစ်တွင် ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေအရ MIC ခွင့်ပြုမိန့်ကိုင်ဆောင်သူဖြစ်စေ၊ မကိုင်ဆောင်သူဖြစ်စေ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံသူအားလုံးနှင့်သက်ဆိုင်သည်။
- အခွန်အကျိုးခံစားခွင့်များကို ပြောင်းလဲထားသည်။ MIC ခွင့်ပြုမိန့်ရရှိမည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ယခင်က(၅)နှစ် အခွန်ကင်းလွတ်ခွင့် အလိုလျှောက်ရရှိမည်ဟူသည့် အချက်ကို ဖယ်ရှားခဲ့သည်။ အခွန်ကင်းလွတ်ခွင့်ပေးခြင်းသည် MIC ၏ဆုံးဖြတ်ချက်ပေါ် မူတည်သည်။ အခြားသော အခွန်အကျိုးခံစားခွင့်များကိုလည်း ပြောင်းလဲထားပါသည်။
- မြန်မာနိုင်ငံ၏ ဥပဒေသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့် ကိုက်ညီအောင် ပြုလုပ်ထားပါသည်။ ဥပဒေသစ်တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုများထက် လျော့နည်းမှုမရှိစေရန်၊ အခြားနိုင်ငံတစ်ခုခုမှ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုထက် လျော့နည်းခြင်းမရှိစေရန်၊ သာတူညီမျှဆက်ဆံဆောင်ရွက်မှုပြုရန် စသည့်အချက်များပါဝင်သည့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များတွင် တွေ့ရသည့် ရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ်ပေးသည့် နိုင်ငံတကာ စံချိန်စံညွှန်းများ ထည့်သွင်းထားပါသည်။ ၎င်းသည် လက်ရှိ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်ပါ အချက်များနှင့် မြန်မာနိုင်ငံတွင် လိုက်နာလုပ်ဆောင်ရမည့် တာဝန်များနှင့်အညီ ရေးဆွဲထားပါသည်။
- **အလုပ်သမားများအတွက် အကာအကွယ်အသစ်များ။** ဥပဒေသစ်တွင် အလုပ်သမားများနှင့်ပတ်သက်၍ လိုက်နာရမည့် အလုပ်ရှင်များ၏ တာဝန်သစ်များထည့်သွင်းထားပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းရပ်ဆိုင်းမည်၊ ပိတ်သိမ်းမည်ဆိုလျှင် အလုပ်သမားများကို လျော်ကြေးငွေပေးဆောင်ပြီးမှ လုပ်ဆောင်နိုင်သည်။ ယာယီလုပ်ငန်းပိတ်သိမ်းသည့်အချိန်တွင် အလုပ်သမားများကို အခကြေးငွေပေးထားရမည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းခွင်ထိခိုက်မှုများ၊ နာမကျန်းဖြစ်မှုများ၊ အသက်ဆုံးရှုံးခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါဆုံးရှုံးခြင်းများအတွက် လျော်ကြေးပေးဆောင်ရမည်။
- **ပွင့်လင်းမြင်သာမှု စည်းမျဉ်းဥပဒေသစ်များ။** အဆိုပြုလွှာလက်ခံပြီး ၁၀ ရက်အတွင်း MIC မှ အဆိုပြုလွှာအကျဉ်းချုပ်ကို ထုတ်ပြန်ရန် (နည်းဥပဒေ ၄၅) နှင့် MIC မှ စတင်မစဉ်းစားမီ MIC ခွင့်ပြုမိန့်ကိုင်ဆောင်သူမှ ရင်းနှီးမြှုပ်နှံမှုမည်သို့ စဉ်ဆက်မပြတ် တာဝန်ရှိစွာလုပ်ဆောင်ခဲ့သည်ကို အသေးစိတ်ဖော်ပြထားသည့် နှစ်စဉ်အစီရင်ခံစာကို ထုတ်ပြန်ရန်လိုအပ်ပါသည်။ (နည်းဥပဒေ ၁၉၆/၁၉၉)။

146 မြန်မာ့ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် ၃၅/၂၀၁၇၊ ၃၀ ရက် မတ်လ ၂၀၁၇။

သို့သော် ယခု စည်းမျဉ်းဥပဒေအသစ်များကို လက်တွေ့ကျင့်သုံးရာတွင်မည်သို့ဖြစ်မည်ကို ကြည့်ရမည်ဖြစ်ပြီး နောက်ထွက်ရှိလာမည့်နည်းဥပဒေနှင့်ဥပဒေအမိန့်ကြော်ငြာစာများတွင်အောက်ပါအချက်များအပါအဝင်ဆက်လက်ရှင်းလင်းဖော်ပြမှု/အသေးစိတ်ဖော်ပြမှု အများအပြားလိုအပ်မည့် ရှုထောင့်များလည်း ရှိနေပါသည်။

- မည်သည့် စီမံကိန်းအမျိုးအစားဖြစ်သည်ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အပိုဒ် ၃၆ ပါ အချက်များအတိုင်းဖြစ်သည်။ ဥပမာ - MIC ခွင့်ပြုမိန့်အပြည့်အဝလိုသော စီမံကိန်းများဟု အမျိုးအစားသတ်မှတ်ပါက ၎င်းစီမံကိန်းသည် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူ့အဖွဲ့အစည်းများအပေါ် ကြီးမားသောထိခိုက်မှုများဖြစ်နိုင်သည့် အခြေအနေရှိသော လုပ်ငန်းမျိုးကိုဆိုလိုခြင်း ဖြစ်ပါသည်။
- ဥပဒေသစ်နှင့်စည်းမျဉ်းများကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် မည်သို့ ဥပဒေကြောင်းများအရ လုပ်ဆောင်ရမည်ကို ဆက်စပ်မှုရှိသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုမျိုးဖြစ်ရပါမည်။ ဥပမာ - ၂၀၁၅ ခုနှစ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအပိုဒ် ၅ နှင့် EIA ပြင်ဆင်ရန်လိုအပ်ကြောင်းကို ဖော်ပြ ထားသည့် ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ ဒေသခံများနှင့်ဆွေးနွေးခြင်းနှင့် သဘောတူညီချက်ရယူခြင်းများသည် MIC မှ ခွင့်ပြုမိန့်နှင့်သဘောတူညီ ချက်ပေးရန် ဆုံးဖြတ်ချက်ချသည့် အဓိကကျသည့် လုပ်ငန်းစဉ်များဖြစ်သည်။
- အပိုဒ် ၄၆ အရ စီမံကိန်းများအတွက် လွှတ်တော်၏ သဘောတူညီချက် ရယူရန်လိုအပ်ခြင်းသည် မည်သည့် စီမံကိန်းအမျိုးအစားဖြစ်သည်ကို ရှင်းလင်းရန် လိုအပ်သည်။
- စီမံကိန်း၏အစောပိုင်းအတွက် ခွင့်ပြုမိန့်ချထားပေးရန်ဆုံးဖြတ်ရာ၌ စီမံကိန်းကြောင့် ထိခိုက်နိုင်ဖွယ်ရှိသော ဒေသခံများနှင့်တွေ့ဆုံဆွေးနွေးစေခြင်းများအပါအဝင် တိုင်း/ပြည်နယ်အစိုးရများ၏ ဆုံးဖြတ်ပိုင်ခွင့် အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ရှင်းလင်းရန်လိုအပ်သည်။ ဥပမာ - MIC အနေဖြင့် တိုင်း/ပြည်နယ်အစိုးရများ၏ သဘောထားမှတ်ချက်များကို မဖြစ်မနေတောင်းခံရမည်ဆိုသည့် လိုအပ်ချက်မျိုး၊ တိုင်း/ပြည်နယ်အစိုးရများမှလည်း သက်ဆိုင်သည့် ဒေသခံလူထုများနှင့် ဆွေးနွေးရမည့် တာဝန်ရှိဆိုသည်မျိုးဖြစ်သည်။

၂၀၁၇ ခုနှစ် ဧပြီလတွင် MIC သည် ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သတ်မှတ်ခြင်း စာရင်း[147]ကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ် ပြန်လည်ပြင်ဆင်ထားသော သတ္တုတွင်းဥပဒေတွင် ဖော်ပြထားပါသည်။ ပြည်ထောင်စုအစိုးရသာလျှင် 'ရေဒီယိုသတ္တိကြွပါသော သတ္တုများ ဥပမာ - ယူရေနီယမ်နှင့်သိုရီယမ် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းနှင့်ထုတ်လုပ်ခြင်း' ကိုလုပ်ကိုင်ရမည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အသေးစားနှင့်အလတ်စားသတ္တုထုတ်လုပ်ခြင်း သို့မဟုတ် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း သို့မဟုတ် ကျောက်စိမ်း/ကျောက်မျက်ရတနာ သန့်စင်ခြင်း သို့မဟုတ် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့်ထုတ်လုပ်ခြင်းများအတွက် ခွင့်မပြုပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်အကြီးစားသတ္တုထုတ်လုပ်ခြင်းနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် အသေးစား၊ အလတ်စားနှင့်အကြီးစားထုတ်လုပ်မှုများအတွက် MONREC ဝန်ကြီးဌာနမှ ထောက်ခံချက်လိုအပ်သည်။ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ မြန်မာကုမ္ပဏီများသည် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများထံမှ အစုရှယ်ယာ ၃၅ % ရာနှုန်းအထိ ရယူနိုင်ပါသည်။

## (ဂ) နိုင်ငံတကာ မူဘောင်များ

အထက်ဖော်ပြပါ အမျိုးသားဥပဒေနှင့်နည်းဥပဒေများအပြင် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သော လူ့အခွင့်အရေးများကို ကိုင်တွယ်ဖြေရှင်းရန် မြန်မာနိုင်ငံအခြေအနေနှင့်ကိုက်ညီသည့် နိုင်ငံတကာမူဘောင်များလည်း ရှိပါသည်။ အချို့မူဘောင်များသည် လက်ရှိတွင် လည်ပတ်နေသော နိုင်ငံခြားသတ္တုတွင်း ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် လုပ်ကိုင်ရန် စောင့်ကြည့်နေသော ရင်းနှီးမြှုပ်နှံသူများအတွက် အကျုံးဝင်ပါသည်။ အချို့သောကိစ္စရပ်

147 MIC အမိန့်ကြော်ငြာစာ အမှတ် ၁၅/၂၀၁၇ ၊ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စာရင်း ၊ ဧပြီလ ၁၀ ရက် ၂၀၁၇။

များအတွက် မြန်မာအစိုးရနှင့်အခြားသောနိုင်ငံတွင်းမှ ပတ်သက်ဆက်နွယ်သူများမှ ကနဦးဆောင်ရွက်မှုများတွင် ပါဝင်လုပ်ဆောင်နေကြပါသည်။

## သဘာဝသယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI)

EITI သည် သဘာဝသယံဇာတအရင်းအမြစ်များကို ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲမှုလုပ် ဆောင်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာတွင် ဖော်ဆောင်နေသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။[148] EITI သည် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍများကို အထူးသဖြင့် နိုင်ငံတစ်ခု၏ သဘာဝသယံဇာတအရင်းအမြစ်များကို မည်သို့ ပွင့်လင်းမြင်သာမှုရှိစွာ စီမံအုပ်ချုပ်သည်ကို ကိုင်တွယ်ဖြေရှင်းပေးပါသည်။ ၎င်းတွင် တွင်းထွက်သယံဇာတ ထုတ်လုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များထုတ်ပေးခြင်း၊ သဘာဝသယံဇာတအရင်းအမြစ်ဆိုင်ရာ ငွေကြေးကိုင်တွယ်ပုံနှင့် အများပြည်သူနှင့် စီးပွားရေးအတွက် မည်သို့ အကျိုးများရှိသည် တို့ပါဝင်သည်။

၂၀၁၆ ခုနှစ် EITI စံနှုန်း[149] တွင် အပိုင်း (၂) ပိုင်းပါဝင်ပါသည်။ အပိုင်း (၁) တွင် စံနှုန်းများ အကောင်အထည်ဖော်ဆောင်ခြင်းကို ဖော်ပြထားပြီး အပိုင်း(၂)တွင် နိုင်ငံတကာ EITI အားစီမံခန့်ခွဲမှုနှင့်စီမံအုပ်ချုပ်မှုကို ဖော်ပြထားပါသည်။ ယခုစံနှုန်းကို အစိုးရဌာနများမှကိုယ်စားလှယ်များ၊ တွင်းထွက်လုပ်ငန်းဆိုင်ရာကုမ္ပဏီများ၊ အရပ်ဖက်အဖွဲ့အစည်းများ(CSOs)၊အဖွဲ့အစည်းဆိုင်ရာရင်းနှီးမြှုပ်နှံသူများနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှကိုယ်စားလှယ်များပါဝင်သည့် ဘက်ပေါင်းစုံမှပါဝင်သော ဘုတ်အဖွဲ့မှ ကြီးကြပ်လုပ်ဆောင်ပါသည်။ ၎င်းတို့၏ တိုးတက်မှုအစီရင်ခံစာများနှင့် နှစ်စဉ်အစီရင်ခံစာများသည် ကုမ္ပဏီများမှ အခွန်အခများပေးဆောင်ထားမှုနှင့် အစိုးရမှလက်ခံထားရှိမှုတို့ကို ဖော်ပြရပြီး နိုင်ငံများကို ယခုစံနှုန်းဖြင့်တိုင်းတာကာ စိတ်ကျေနပ်ဖွယ်တိုးတက်မှု၊ အဓိပ္ပာယ်ရှိသောတိုးတက်မှု၊ လုံလောက်သည့်တိုးတက်မှုမရှိ၊ သို့မဟုတ် တိုးတက်မှုလုံးဝမရှိ စသည်ဖြင့် အဆင့်သတ်မှတ်ပေးပါသည်။

မြန်မာနိုင်ငံ၏လက်ရှိ EITI အဆင့်မှာ ၂၀၁၆ ခုနှစ် စံနှုန်းအရ "ဆန်းစစ်ရန်လိုအပ်သေးသည်" ဆိုသည့် အခြေအနေတွင်သာရှိသည်။ ၎င်း၏ပထမ EITI အစီရင်ခံစာကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ဘဏ္ဍာနှစ် ၂၀၁၃/၂၀၁၄ တွင် ထုတ်ပြန်ခဲ့သည်။[150] ဒုတိယအကြိမ်အစီရင်ခံစာကို အစိုးရအပြောင်းအလဲကြောင့် ထုတ်ပြန်ရန်အချိန်ရွှေ့ဆိုင်းခဲ့သည်။ ယခုအခါတွင် အစီရင်ခံစာကို ဘဏ္ဍာနှစ် နှစ်ခုအတွက် မတ်လ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေကြသည်။ ၎င်းအစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဖွန်လိုင်လနောက်ပိုင်းတွင် ၂၀၁၆ ခုနှစ် စံနှုန်းများနှင့် ချိန်ထိုးဆန်းစစ်သွားမည်ဖြစ်သည်။ MEITI မှလည်း ၎င်းတို့၏ အကျိုးအမြတ်ရရှိမှုဆိုင်ရာ လမ်းပြမြေပုံ (Beneficial Ownership Roadmap) ကို ၂၀၂၀ ခုနှစ်တွင် အပြည့်အဝလိုက်နာနိုင်ရန် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။[151] EITI အရ နည်းပညာအထောက်အပံ့အနေဖြင့် Cadaster စနစ်တစ်ခုထူထောင်ရန်နှင့် Beneficial Ownership ကို ထုတ်ပြန်နိုင်ရန်အတွက် အစမ်းလုပ်ဆောင်မည့်နမူနာတစ်ခု လုပ်ဆောင်ရန်တို့ဖြစ်သည်။

## နိုင်ငံတကာဓာတ်သတ္တုနှင့်သတ္တုကောင်စီ (ICMM) ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးမူဘောင်

နိုင်ငံတကာ ဓာတ်သတ္တုနှင့်သတ္တုကောင်စီ (ICMM) သည် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာတိုးတက်မှုများကို ဦးစားပေး လုပ်ဆောင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဓာတ်သတ္တုနှင့်သတ္တုလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ပံ့ပိုးလုပ်ဆောင်ပေးသော အဖွဲ့အစည်းလည်းဖြစ်ပါသည်။ ICMM သည် ၎င်းတို့နှင့်အတူ သတ္တုတူးဖော်ရေးကုမ္ပဏီ ၂၃ ခု၊ <u>အမျိုးသားအဆင့်</u>နှင့်ဒေသတွင်းမှ သတ္တုတူးဖော်ရေးအသင်းအဖွဲ့ ၃၄ ခု၊ ကမ္ဘာ့သတ္တုထုတ်ကုန် အသင်းများဖြင့်

148 သဘာဝသယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး။

149 ၂၀၁၆ ခုနှစ် EITI စံနှုန်းများ။

150 MEITI ၊ မြန်မာနိုင်ငံ၏ ပထမဆုံး EITI အစီရင်ခံစာ - ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ။

151 မြန်မာနိုင်ငံ အကျိုးအမြတ်ရရှိမှုဆိုင်ရာ လမ်းပြမြေပုံ (Myanmar Beneficial Ownership Roadmap)၊ မတ်လ ၂၀၁၇။

သတ္တုတူးဖော်ရေး၊ ဓာတ်သတ္တုနှင့်သတ္တုကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်အတွက် ပိုမိုအကူအညီပေးနိုင်ရန် ဆောင်ရွက်နေပါသည်။ ICMM ၏လုပ်ဆောင်ချက်တန်ဖိုးများကို လမ်းညွှန်ပေးသည့် အချက်များတွင် ဂရုစိုက်ခြင်း၊ ရိုသေလေးစားခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ တာဝန်ယူတက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ပါဝင်ပါသည်။[152] ICMM သည် ကုမ္ပဏီများ၏လုပ်ငန်းဆောင်ရွက်မှု အဆင့်အတန်း မြင့်လာစေရန် လမ်းညွှန်ပေးသည့် စံနှုန်းများနှင့်မူဘောင်အမျိုးမျိုးကို ပြင်ဆင်ဖန်တီးခဲ့ပါသည်။ ဥပမာအနေဖြင့် ရေထိန်းသိမ်းစောင့်ရှောက်မှုမူဘောင် (Water Stewardsip Framework) သည် ရေအသုံးပြုသူများနှင့် စီးပွားရေးလုပ်ငန်းများအကြား အဖြေရှာခြင်းကို အခြေခံပြီး လုပ်လေ့လုပ်ထရှိသည့် အချက်များကို ဖော်ပြထားပါသည်။ ICMM ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမူဘောင်တွင် အကောင်းဆုံးအလေ့အထမူဘောင်များအဖြစ် အခြေခံ မဖြစ်မနေ လိုက်နာရမည့် အချက် ၁၀ ခု ပါဝင်ပါသည်။ ၎င်းသည် သတ္တုတူးဖော်ရေးနှင့်သတ္တုလုပ်ငန်း စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပြီး ICMM အဖွဲ့ဝင်များသည် ၎င်းအချက်များအပေါ် အစီရင်ခံစာ တင်ပြရသည်။ ICMM အဖွဲ့ဝင်များဖြစ်ကြသည့် Freeport နှင့် MMG (PanAust) တို့သည် မြန်မာနိုင်ငံတွင် ရှာဖွေခြင်း/စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများအတွက် စိတ်ဝင်စားနေပါသည်။

## ဆန္ဒအလျောက်လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ (VPSHR)

ဆန္ဒအလျောက်လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာအခြေခံမူများ (VPSHR) သည် အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများပါဝင်သည့် ဘက်ပေါင်းစုံမှ ပတ်သက်ဆက်နွယ်သူများ၏ ကြိုးစားအားထုတ်မှုတစ်ခုဖြစ်ပြီး တွင်းထွက်စီမံကိန်းလုပ်ငန်းအနီးရှိ ရပ်ရွာအသိုင်းအဝိုင်းတွင် ပြည်သူ့လုံခြုံရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းများနှင့် ဆက်စပ်သော လူ့အခွင့်အရေးချိုးဖောက်နိုင်ခြေအန္တရာယ်ကို လျော့ချရန်နှင့်ကိုင်တွယ်ဖြေရှင်းရန် ရှာဖွေဖော်ထုတ်ခြင်းဖြစ်သည်။ VPSHR သည်တွင်းထွက်လုပ်ငန်းများအတွက် အထူးဒီဇိုင်းဆွဲထားသော အစီအစဉ်တစ်ခုဖြစ်ပါသည်။ ၎င်း၏ အခြေခံသဘောတရားအချက်များကို ICMM၊ ICRC၊ IFC နှင့် IPIECA (ပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဆောင်ရွက်နေသော ကမ္ဘာ့လုံးဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရှင်များအသင်း) တို့မှ ထောက်ခံချက်ပေးထားပါသည်။ VPSHR သည် တွင်းထွက်လုပ်ငန်းများ လုပ်ဆောင်နေသည့် နေရာအနီးတွင်နေထိုင်သည့် ရပ်ရွာအသိုင်းအဝိုင်းများအပေါ် လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများရှိနိုင်သည့်အခြေအနေများကို အခြေခံ၍ အသိအမှတ်ပြုလုပ်ဆောင်ပါသည်။ ၎င်းအခြေခံသဘောတရားများသည် တွင်းထွက်တူးဖော်ရေးကုမ္ပဏီများ လုပ်ငန်းလည်ပတ်နေချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးရှိစေရန် လူ့အခွင့်အရေး၊ အခြေခံလွတ် လပ်ခွင့်များနှင့် နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေများကို လေးစားလိုက်နာမှုကို သေချာစေရေးအထောက်အကူပြုစေရန် ဒီဇိုင်းရေးဆွဲထားပါသည်။ VPSHR တွင် အကောင်အထည်ဖော်ဆောင်ရေးလမ်း ညွှန်ချက်လက်စွဲစာအုပ်ပါဝင်ပြီး ထိုအခြေခံသဘောတရားများကို ကုမ္ပဏီများ၊ ၎င်းတို့၏အလုပ်သမားများနှင့် ကန်ထရိုက်တာများလိုက်နာရန် အထောင့်အကူပေးပါသည်။[153] ၂၀၁၆ ခုနှစ်တွင် မြန်မာပြည်တွင်း၌ ကနဦးစမ်းသပ်လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းရန် VPSHR မှ ရွေးချယ်ခဲ့သော နိုင်ငံ (၃) နိုင်ငံမှ တစ်ခုဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ ကနဦးအစည်းအဝေးများပြုလုပ်ခဲ့ပြီး scoping study တစ်ခုပြုလုပ်ရန် လုပ်ငန်းစဉ်တစ်ခု ချမှတ်ခဲ့ပါသည်။

152 ICMM, Vision and vlaues

153 ဆန္ဒအလျောက်လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများအား ပြုမူလိုက်နာရမည့် အခြေခံသဘောတရားများ အကောင်အထည်ဖော်ဆောင်ရေး လမ်းညွှန်ချက်လက်စွဲစာအုပ် ၊ ၂၀၁၂ ခုနှစ်၊ ICMM, ICRC, IFC နှင့် IPIECA ။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးအဖွဲ့အစည်း၏ သတ္တုများ၊ ဓာတ်သတ္တုများနှင့်ဓာတုပစ္စည်းများ တင်သွင်း သူနှင့်တင်ပို့သူများ (CCCMC) ဆိုင်ရာ လမ်းညွှန်ချက်များ။

သတ္တုတွင်းဆိုင်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် လုပ်ဆောင်ရမည့် လူမှုရေးဆိုင်ရာတာဝန်များအတွက် လမ်းညွှန်ချက် (CCCMC လမ်းညွှန်ချက်) ကို ၂၀၁၄ ခုနှစ်တွင် အဖွဲ့ဝင်ကုမ္ပဏီ ၆၀၀၀ ကျော်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးအဖွဲ့အစည်းအောက်ရှိဌာနတစ်ခုဖြစ်သည့် CCCMC မှ စတင်ဖြန့်ဖြူးပေးခဲ့သည်။ ယင်းအဖွဲ့သည် ပြည်ပနိုင်ငံများရှိ ဓာတ်တ္တုများနှင့်သတ္တုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် တရုတ်ကုမ္ပဏီများကို ကမ္ဘာ့ကုလသမဂ္ဂ၏ လမ်းညွှန်အခြေခံမှုများကိုလိုက်နာရန်နှင့် အန္တရာယ်ဖြစ်နိုင်သည့် ကုန်သွယ်မှုကွင်းဆက်များကို အခြေခံသည့် အလေးဂရုပြုကြိုးပမ်းအားထုတ်မှုများ (due diligence) ကို လုပ်ဆောင်ရန် ညွှန်ကြားထားပါသည်။[154] ထိုလမ်းညွှန်ချက်များသည် သတ္တုကုမ္ပဏီများအနေဖြင့် လူမှုရေးဆိုင်ရာတာဝန်ယူမှု စီမံခန့်ခွဲမှုအစီအစဉ်စနစ်ကို မည်သို့ထူထောင်ရမည်ကို လမ်းညွှန်ထားပြီး လူမှုရေးဆိုင်ရာ တာဝန်ယူမှုအချက်အလက်များကို မည်သို့ထုတ်ပြန်ရမည်ကိုလည်း လမ်းညွှန်ပေးထားပါသည်။[155]

ထိုလမ်းညွှန်ချက်ကို အကောင်အထည်ဖော်ဆောင်ရန် ပြင်ဆင်နေသည့် ကုမ္ပဏီများကို တာဝန်ယူမှုရှိသော ဓာတ်သတ္တုကုန်သွယ်ရေးကွင်းဆက်များအတွက် တရုတ်နိုင်ငံ၏ အလေးဂရုပြု ကြိုးပမ်းအားထုတ်မှုများ (due diligence) ဆိုင်ရာ လမ်းညွှန်ချက်ကို ရည်ညွှန်းပြီး ၎င်း due diligence ဆန်းစစ်ခြင်းမှ ရရှိလာသော အကြံပြုချက်များကို လုပ်ငန်းလည်ပတ်သည့်အခါအသုံးချရန် ဖြစ်သည်။ ထိုလမ်းညွှန်ချက်များသည် OECD ၏ ပဋိပက္ခနှင့်အန္တရာယ်အမြင့်ဆုံးနေရာများမှ တာဝန်ယူမှုရှိသော ဓာတ်သတ္တုကုန်သွယ်ရေးကွင်းဆက် အတွက် အလေးဂရုပြု ကြိုးပမ်းအားထုတ်မှု (Due Diligence) ဆိုင်ရာဆန်းစစ်ခြင်း လမ်းညွှန်ချက်နှင့်ကိုက်ညီ စွာဆောင်ရွက်ထားပါသည်။ OECD အဖွဲ့ဝင်နိုင်ငံများသည် ထိုကဲ့သို့ ဓာတ်သတ္တုကုန်သွယ်မှုကွင်းဆက်ဆိုင်ရာ Due Diligence ဆန်းစစ်ခြင်းအား လုပ်ဆောင်ရမည်များကို လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။ ကုန်သွယ်မှုကွင်းဆက်များစစ်ဆေးခြင်းအပြင် ဤလမ်းညွှန်ချက်သည် အစိုးရသို့ပေးရသော ငွေကြေးကိုဖော်ပြရန် EITI စံနှုန်းများနှင့် စတော့အိတ်ချိန်းမှချမှတ်ထားသော နည်းဥပဒေများအတိုင်း လုပ်ဆောင်စေပါသည်။[156] GIZ, EMM network တို့၏ အကူအညီဖြင့် ပူးပေါင်းကာ CCCMC မှ ၃ နှစ်တာ ရေရှည်စဉ်ဆက်မပြတ် သတ္တုတူးဖော်နိုင်ရေး လုပ်ငန်းအစီအစဉ် (SMAP) တစ်ခုကို ၂၀၁၆ မှ ၂၀၁၈ အတွက် ရေးဆွဲခဲ့ပြီး ၎င်းကို ကမ္ဘာ့တစ်ဝှမ်းလမ်းညွှန်ချက်များချမှတ်ကာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်သည့်ပုံစံဖြင့် သတ္တုတွင်းကဏ္ဍတွင် ကောင်းကျိုးများ ပိုမိုဖြစ်ထွန်းစေရန် ဖော်ဆောင်ခဲ့ကြသည်။[157] GIZ အဖွဲ့သည် လေ့လာရေးဆိုင်ရာခရီးစဉ်တစ်ခုကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့ပါသည်။

## ပဋိပက္ခနှင့်အန္တရာယ်အမြင့်ဆုံးနေရာများမှ တာဝန်ယူမှုရှိသော ဓာတ်သတ္တု ကုန်သွယ်ရေးကွင်းဆက် အတွက် OECD ၏ အလေးဂရုပြု ကြိုးပမ်းအားထုတ်မှု (Due Diligence) ဆိုင်ရာ ဆန်းစစ်ခြင်းလမ်းညွှန်

OECD ၏ အလေးဂရုပြု ကြိုးပမ်းအားထုတ်မှု (Due Diligence) ဆိုင်ရာ ဆန်းစစ်ခြင်း လမ်းညွှန်သည် အစိုးရများမှ ထောက်ပံ့ပေးသော အဖွဲ့အစည်းအမျိုးမျိုးပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ပဋိပက္ခနေရာများမှ ရရှိသောဓာတ်သတ္တုများကို တာဝန်ယူမှုရှိစွာ ကုန်သွယ်ရေးကွင်းဆက်များစီမံခန့်ခွဲနိုင်ရန် ဖော်ဆောင်သောလုပ်ငန်းစဉ်လည်းဖြစ်သည်။ ဤလမ်းညွှန်ချက်သည် ဓာတ်သတ္တုအမျိုးအစားအားလုံးအတွက်ဖြစ်ပြီး တစ်ကမ္ဘာလုံးအတွက် အသုံးပြုနိုင်သည်။ သို့သော် ၎င်းတွင် အထူးပြုဓာတ်သတ္တုများပါဝင်ပါသည်။ အထူးသဖြင့် ခဲမဖြူ၊ တန်တလိုက်၊ အဖြိုက်နက်နှင့် ရွှေတို့ဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ ကုမ္ပဏီများမှ ဓာတ်သတ္တုရယူမှုရန် လုပ်ဆောင်ရာတွင် လူ့အခွင့်အရေးကို

154 သတ္တု တွင်းဆိုင်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် လုပ်ဆောင်ရမည့် လူမှုရေးဆိုင်ရာတာဝန်များအတွက် လမ်းညွှန်ချက်။ CCCMC, ၂၀၁၄ ခုနှစ်။

155 သတ္တုတွင်းဆိုင်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် လုပ်ဆောင်ရမည့် လူမှုရေးဆိုင်ရာတာဝန်များအတွက် လမ်းညွှန်ချက် လုပ်ဆောင်ခြင်း။ EMM Network၊ CCCMC။

156 Global Witness - တရုတ်လမ်းညွှန်ချက်အသစ်များသည် သတ္တုကုမ္ပဏီများကို ပဋိပက္ခလျော့ချခြင်း၊ လက်ထိုးမှုအန္တရာယ်လျော့ချခြင်းနှင့် အိမ်ရှင်ဒေသခံများကို အရှိအသေပြုသခြင်း။ ၂၃ ရက် အောက်တိုဘာလ၊ ၂၀၁၄ ခုနှစ်။

157 https://www.emm-network.org/case_study/sustainable-mining-in-china/

လေးစားလိုက်နာပြီး ပဋိပက္ခများ ဖြစ်စေနိုင်သော လုပ်ဆောင်မှုများကို ရှောင်ရှားနိုင်စေရေး အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။ ၂၀၁၁ ခုနှစ် မေလတွင် ကျင့်သုံးခဲ့သော ဤလမ်းညွှန်ချက်သည် ယခုလုပ်ငန်း၏ စံနှုန်းများဖြစ်လာသည်။ ယခုအခါ ထိုလမ်းညွှန်ချက်များကို အမေရိကတွင် စာချုပ်ချုပ်ဆိုသည့် စည်းမျဉ်းဥပဒေများတွင် ရည်ညွှန်းအသုံးပြုပြီး ဥရောပစည်းမျဉ်းဥပဒေဆိုင်ရာ အခြေခံအချက်များအဖြစ် အသုံးပြုထားပါသည်။ London Metal Exchange သည် ကလေးအလုပ်သမားနှင့် ပဋိပက္ခနှင့်ဆက်နွယ်သောဓာတ်သတ္တုများ အပါအဝင် တာဝန်ယူမှုရှိသော ဓာတ်သတ္တုရယူမှု အခြေခံသဘောတရား ထွက်ပေါ်လာရေးအတွက် လုပ်ဆောင်နေသည်ဟုလည်း သိရပါသည်။[158] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သည် ဤလမ်းညွှန်ချက်ကိုအသုံးပြု၍ နာမည်ကြီး ကျောက်မျက်ရတနာနှင့် နာရီကုမ္ပဏီ ၁၃ ခု တို့၏ ရွှေနှင့်စိန် ကုန်သွယ်မှုကွင်းဆက်တွင် မည်သို့ လူ့အခွင့်အရေးဆိုင်ရာ ဆန်းစစ်မှုများပြုလုပ်သည်ကို စစ်ဆေးပါသည်။[159]

OECD လမ်းညွှန်ချက်သည် တာဝန်ယူမှုရှိသော ဓာတ်သတ္တုကုန်သွယ်မှုကွင်းဆက်အတွက် Chinese Due Diligence Guidelines for Responsible Mineral Supply Chains လမ်းညွှန်ချက်ကို ပြင်ဆင်ရာတွင် OECD နှင့်အတူ ပူးပေါင်း၍ တရုတ်ကုန်သွယ်ရေးဌာနက ဆောင်ရွက်ခဲ့ကြသည်။ ဤလမ်းညွှန်ချက်သည် အဆင့် (၅) ဆင့်ပါဝင်သော မူဘောင်တစ်ခုဖြစ်ပါသည်။ ၎င်းတွင် ခိုင်ခံ့သော ကုမ္ပဏီစီမံခန့်ခွဲမှုစနစ်ကို တည်ထောင်ပေးခြင်း၊ ကုန်သွယ်မှုကွင်းဆက်မှ ဖြစ်နိုင်ဖွယ်အန္တရာယ်ကို ထုတ်ဖော်ဆန်းစစ်ပေးခြင်း၊ ထုတ်ဖော်ထားသော အန္တရာယ်များကို အကောင်အထည်ဖော်တုံ့ပြန်ရန် မဟာဗျူဟာရေးဆွဲခြင်း၊ လွတ်လပ်သော တတိယအဖွဲ့အစည်းမှ ကုန်သွယ်ကွင်းဆက်ကို ဆန်းစစ်ခြင်းနှင့် ကုန်သွယ်မှုကွင်းဆက်ကိုနှစ် စဉ်အစီရင်ခံစာတင်ခြင်းတို့ ပါဝင်သည်။ ပဋိပက္ခနှင့်အန္တရာယ်မြင့်မားသောနေရာများကို လမ်းညွှန်ချက်တွင် လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံတကာအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့် မဟုတ်သော အကြမ်းဖက်လုပ်ဆောင်မှုဟု ဖော်ပြထားပါသည်။ သို့သော် ထိုကဲ့သို့နေရာများတွင် နိုင်ငံရေးမတည်ငြိမ်ခြင်း သို့မဟုတ် ဖိနှိပ်မှုများရှိခြင်း၊ သင်းဖွဲ့မှုအားနည်းခြင်း၊ လုံခြုံမှုမရှိခြင်း၊ ပြည်သူပိုင်အခြေခံအဆောက်အအုံများဖျက်စီးခြင်းနှင့် အကြမ်းဖက်မှုများပျံ့နှံ့ခြင်း စသည်တိုလည်း ပါဝင်ပါသည်။ ထို့ကြောင့် ထိုလမ်းညွှန်ချက်သည် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများအတွက် အလွန်ပင်သင့်လျော်ပါသည်။ အထူးသဖြင့် ပဋိပက္ခဖြစ်နေသောဒေသများနှင့် ထိုဒေသများမှ ရွှေနှင့် 3Ts ထုတ်လုပ်သော ကုမ္ပဏီများအတွက် ဖြစ်သည်။ OECD သည် တာဝန်ယူမှုရှိသောဓာတ်သတ္တုကုန်သွယ်မှုကွင်းဆက်အတွက် တရုတ်လုပ်ငန်းရှင်များ လမ်းညွှန်ချက်ကိုပူးပေါင်း ဆောင်ရွက်နိုင်ရန် CCCMC နှင့် နားလည်မှုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ ပြီးဖြစ်ပါသည်။

## ပဋိပက္ခဓာတ်သတ္တုများအတွက် ဥရောပသမဂ္ဂ၏ စည်းမျဉ်းဥပဒေများ

၂၀၁၇ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ဥရောပသမဂ္ဂကောင်စီ လက်နက်ကိုင်များထံမှ ပဋိပက္ခနှင့်ဆက်နွယ်သောဓာတ်သတ္တုများ ဝယ်ယူခြင်းကြောင့် ငွေကြေးထောက်ပံ့မှုရရှိနေခြင်းမှ ရပ်ဆိုင်းရန် စည်းမျဉ်းဥပဒေတစ်ခု သဘောတူခဲ့ကြသည်။[160] ထို့ကြောင့် ဤသဘောတူညီချက်သည် EU ကုမ္ပဏီများအားလုံး ခဲမဖြူ၊ တန်တလိုက်၊ အဖြိုက်နက် (3Ts) နှင့် ရွှေကို တာဝန်ယူမှုရှိစွာ တင်ပို့ရန်နှင့် ၎င်းတို့ဝယ်ယူလိုက်သော ငွေကြေးများသည် လက်နက်ကိုင်အဖွဲ့အစည်းများကို ထောက်ပံ့မှုမရှိစေရန် လိုအပ်ပါသည်။ ယခုကဲ့သို့ အလေးဂရုပြု ကြိုးပမ်းအားထုတ်မှု (Due Diligence) ဆိုင်ရာ ဆန်းစစ်ခြင်း နည်းဥပဒေများသည် ၂၀၂၁ ခုနှစ် ဇန်ဝါရီလ (၁) ရက်နေ့မှစ၍ တရားဝင်မည်ဖြစ်ပြီးသော်လည်း တင်ပို့သူများကို အမြန်ဆုံးကျင့်သုံးရန် တိုက်တွန်းထားပါသည်။ ဤနည်းဥပဒေတွင် ဓာတ်သတ္တုထုတ်လုပ်ရာတွင် တူးဖော်ခြင်းနှင့်သန့်စင်ခြင်းကဲ့သို့သော upstream ထုတ်လုပ်မှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်း

158 London Metal Exchange သည် ကလေးသူငယ်အလုပ်သမား အသုံးပြုပြီး ရရှိလာသော ဓာတ်သတ္တုများ ဝယ်ယူခြင်းကို တားမြစ်သွားမည်ဖြစ်သည်။ Reuters၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်။

159 ကျောက်မျက်ရတနာတို့၏နောက်ကွယ်မှ ပေးဆက်ရသော နာကျင်မှုများ၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၊ ၂၀၁၈ ခုနှစ် ဖေဖော် ဝါရီလ ၈ ရက်။

160 ပဋိပက္ခဓာတ်သတ္တုများ ၊ ။ကောင်စီအနေဖြင့် လက်နက်ကိုင်များကို ငွေကြေးရရှိနေမှု လျော့ချသည့် နည်းဥပဒေသစ်ကို ထောက်ခံခဲ့သည်။ ဥရောပယူနီယံကောင်စီ၊ သတင်းထုတ်ပြန်ချက် ၁၈၁/၁၇၊ ၂၀၁၇ ခုနှစ် ဧပြီလ ၃ ရက်။

တစ်ခုကို တာဝန်ယူမှုရှိစွာ ရယူရန် တာဝန်များထည့်သွင်းထားပါသည်။ EU ၏ သတ္တုနှင့်ဓာတ်သတ္တုသွင်းကုန် ၉၅% သည် အထက်ပါအချက်များနှင့် ကိုက်ညီစေမည်ဖြစ်ပြီး ပမာဏအနည်းငယ်တင်ပို့သူများသည် ကင်းလွတ်ခွင့်ရမည် ဖြစ်သည်။ EU နိုင်ငံများရှိ ကျွမ်းကျင်သော အာဏာပိုင်များသည် တင်ပို့လာသော သတ္တုနှင့်ဓာတ်သတ္တုတို့သည် သတ်မှတ်ထားသော ဆန်းစစ်ခြင်းနှင့်ကိုက်ညီမှု ရှိ/မရှိကို စစ်ဆေးမည်ဖြစ်သည်။ ထို့အပြင် ကော်မရှင်အနေဖြင့် အသေးစားနှင့်အကြီးစား downstream ကုမ္ပဏီများ လိုက်နာမှုရှိမရှိကို တိုင်းတာစစ်ဆေးခြင်းနှင့် Due Diligence ပိုမိုတိုးတက်ရန် လုပ်ဆောင်မည်ဖြစ်သည်။ ၎င်းကုမ္ပဏီများသည် ဓာတ်သတ္တုများကို ကုန်ပစ္စည်းထုတ်လုပ်ရန် အစိတ်အပိုင်းအဖြစ် အသုံးပြုကြသော လုပ်ငန်းများဖြစ်ကြသည်။ ကော်မရှင်အနေဖြင့် ချည်နှောင်မှုမရှိသောလမ်းညွှန်ချက်များပါဝင်သည့် လက်စွဲစာမူကြမ်းကို ကုမ္ပဏီများအတွက် အထောက်အကူပြုစေရန် ထုတ်ပေးမည်ဖြစ်သည်။ အထူးသဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ပဋိပက္ခနှင့် အန္တရာယ်မြင့်မားသည့် နေရာများ စာရင်း ထည့်သွင်း၍ ထုတ်ပြန်သွားပါမည်။

အထက်ဖော်ပြပါ ၂၀၁၁ ခုနှစ် OECD လမ်းညွှန်ချက်ကို အခြေပြု၍ တည်ဆောက်ထားသော စည်းမျဉ်းဥပဒေသည် ကုန်သွယ်မှုကွင်းဆက် Due Diligence အတွက် နိုင်ငံတကာအဆင့်တစ်ခု သတ်မှတ်ပေးပါသည်။[161] သဘောတူညီချက်တစ်ခုကို ကောင်စီမှ ထောက်ခံသဘောတူထားသော စာသားများသည် ၂၀၁၆ ခုနှစ်တွင် ဥရောပပါလီမန်နှင့် သဘောတူညီခဲ့ကြပြီး နှစ်ပေါင်းများစွာ ငြင်းခုန်ခြင်းနှင့် အများပြည်သူနှင့်တွေ့ဆုံပွဲများပြုလုပ်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် မတ်လ ၁၆ ရက်တွင် ဥရောပ မျက်နှာစုံညီပွဲတွင် မဲထည့်၍ အတည်ပြုခဲ့သည်။ အမေရိကမှ Dodd Frank အက်ဥပဒေ ပုဒ်မ ၁၅၀၂ ပါ စည်းမျဉ်းများနှင့်မတူ (ယခုတွင် Trump ၏ အုပ်ချုပ်မှုအောက်တွင် ၎င်းအက်ဥပဒေကို ပယ်ဖျက်မည်ဟု ခြိမ်းခြောက်နေကြပါသည်)[162] EU နည်းဥပဒေသည် ပထဝီအနေအထားအကန့်အသတ်မရှိ ကမ္ဘာပေါ်ရှိ မည်သည့်ပဋိပက္ခနှင့်အန္တရာယ်မြင့်မားသော နေရာများတွင်မဆို အကျုံးဝင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိလက်နက်ကိုင်ပဋိပက္ခရှိသောနေရာများအားလုံးနှင့်အကျုံးဝင်မည်ဖြစ်သည်။[163] ‘ဝ’ ဒေသ၊ ကယားနှင့်တနင်္သာရီ ဒေသများမှ ထုတ်သော ခဲမဖြူ/အဖြိုက်နက်တို့အပါအဝင် မြန်မာနိုင်ငံမှ တင်ပို့သော ရွှေ၊ ခဲမဖြူနှင့်အဖြိုက်နက် တို့လည်းပါဝင်မည်ဟု မျှော်လင့်နေကြပါသည်။

161 ဥရောပ ပါလီမန် သတင်းထုတ်ပြန်ချက်၊ ပဋိပက္ခရှိသော ဓာတ်သတ္တုများ၊ MEPs သည် တင်ပို့သူများအတွက် မဖြစ်မနေ လိုက်နာရမည့် ဖြစ်မြောက်နိုင်စွမ်း ဆန်းစစ်ခြင်းကို သေချာလိုက်နာစေပါသည်။ ၂၀၁၆ ခုနှစ် ဖွန်လ ၁၆ ရက်။

162 အမေရိကန်အစိုးရ - Dodd Frank Wall Street Reform and Consumer Protection Act, Public Law No. 111-203. အထူးသဖြင့် ပုဒ်မ ၁၅၀၂။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ Global Witness အကျဉ်းချုပ်ဖော်ပြချက်ကိုလည်း ကြည့်ရန်။

163 ပဋိပက္ခဓာတ်သတ္တုဆိုင်ရာ နည်းဥပဒေ ရှင်းပြချက်၊ ဥရောပ ကော်မရှင် ကြည့်ရန်။